The Agribiz News
www.agribiznews.com.mm
ယနေ့ခေတ် စီးပွား သတင်း
e-Paper-0037
၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်




# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးအပါအဝင် အဓိကသီးနှံများ

# ပန်းတိုင်အထွက် ရရှိရေး၊ သီးထပ်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်း

နေပြည်တော်၊ ဇူလိုင် ၈

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇူလိုင် ၈ ရက်နေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးမြို့၊ ကတွင်းခြံကျေးရွာ မိုးစပါးစိုက်ကွင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး မိုးစပါး အပါအဝင် အဓိက သီးနှံများပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ဆိုင်ရာများ ဆွေးနွေးကြသည်။

တောင်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသည့် ပဲခူးတိုင်းဒေသကြီး၌ မိုးစပါး အပါအဝင် အဓိကသီးနှံများပန်းတိုင်အထွက်ရရှိရေးနှင့် သီးထပ်သီးနှံတိုးချဲ့ စိုက်ပျိုးရေးအတွက် တောင်သူကြီးများက ကြိုးပမ်းပေးကြရန်နှင့် လိုအပ်ချက်များရှိပါက မိမိတို့ဌာနဆိုင်ရာများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စပါးတစ်သီးစိုက်ပျိုးခြင်းထက် ဝင်ငွေရ တစ်မျိုးမျိုးကို သီးထပ်သီးနှံ အဖြစ်စိုက်ပျိုးခြင်းဖြင့် သီးနှံဈေးကွက်မတည်ငြိမ်မှု ကြောင့် ကြုံတွေ့ကြရသည့် တောင်သူ့ ဝင်ငွေ ထိခိုက်မှုကို ကာမိစေနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ ပဲသီးနှံကို သီးထပ်တစ်ကြိမ်စိုက်ပျိုးပြီး တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်မည်ဆိုပါက တောင်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုနှင့် ဒေသ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးနှင့် ရေသွင်းမြောင်း ရေနုတ်မြောင်းများ ထိန်းသိမ်းခြင်းအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တောင်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကတွင်းခြံကျေးရွာ မိုးစပါးစိုက် တောင်သူများအတွက် ယူရီးယား ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြရာ တောင်သူ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လယ်ယာသုံးစက်ကိရိယာ ကောက်စိုက်စက်များနှင့် တိုက်ရိုက်မျိုးစေ့ချကရိယာများကို ကြည့်ရှုစစ်ဆေးကြပြီး ကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါး စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

စာ-၄ သို့

တောင်သူများအတွက် မျိုးမွေးမြူရေး.......
စာ-၈

မွေးမြူရေးဆိုင်ရာ ပဋိဇီဝဆေးကြွင်းကျန်တားဆီးရေး....
စာ-၁၆

# အသား - ငါးမွေးမြူထုတ်လုပ်မှုတိုးတက်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေး ဆွေးနွေးမှာကြား

နေပြည်တော်၊ ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇူလိုင် ၇ ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မြဘုရင် နို့စားနွားမွေးမြူရေးလုပ်ငန်း၏ နို့စားနွား အကောင် ၄၀၀ ကျော် မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်ယူနစ်အလိုက် မွေးမြူရေးလုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားသည်။



အလားတူ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာရှိ Mandalay Livestock Development Co.,Ltd ဥစားကြက်မွေးမြူရေးခြံတွင် အလုံပိတ်အအေးခန်းစနစ်ဖြင့် ဥကြက်မ ၅၃၀၀၀ ကောင်နှင့် ဥစားကြက်ကလေး ၃၁၂၁၃ ကောင် မွေးမြူထားရှိမှုနှင့် တစ်ရက်လျှင် ကြက်ဥ ၂၇၀၀၀ လုံး ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း၊ Hanvet Myanmar Co.,Ltd ၏ ဥစားကြက်မွေးမြူရေးခြံတွင် ဥကြက်မ ၃၁၀၀၀ ကောင် မွေးမြူထားပြီး တစ်ရက်လျှင် ကြက်ဥ ၂၅၀၀၀ လုံး ထုတ်လုပ် ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဇီဝလုံခြုံမှုအလေးပေးဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ကူမဲငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ခေါင်းကြီးငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီး၊ ငါးကြင်းဖြူနှင့် တီလားပီးယား ငါးမျိုးများ သားဖောက်ခြင်းနှင့် ငါးသားပေါက်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ၂၀၂၅/၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငါးသားပေါက်ထုတ်လုပ်ရန် လျာထားချက် ပြည့်မီကျော်လွန်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတဆင့် ဒုတိယဝန်ကြီး သည် မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်ရှိ Garden Family Co.,Ltd တိရစ္ဆာန်အစာထုတ်လုပ်ရေး စက်ရုံ၏ ဆိတ်အစာတောင့် ထုတ်လုပ်မှု အဆင့်ဆင့် နှင့် မိတ္ထီလာမြို့နယ်၊ မြင်တော်ကန်ကျေးရွာရှိ Real Balance Co.,Ltd နှင့် Lucky Brand Co.,Ltd အသားခြောက်နှင့် စားသောက်ကုန်လုပ်ငန်းကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် မိတ္ထီလာမြို့နယ်၊ ဆူးဖြူကွက်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမောင်မြင့် ၏ ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဆိတ်အကောင်ရေ ၃၀၀၀ ကျော် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတ်မှတ်ထားသည့် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်နှင့်အညီ စနစ်တကျမွေးမြူထုတ်လုပ်ကြရန်၊ အသားကဏ္ဍ တိုးတက်ထုတ်လုပ် နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

MOALI

# ဝါးတန်းစင်တာတွင် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဆန်များရရှိ

အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် လမ်းမတော်မြို့နယ် ဝါးတန်း ဆန်လက်ကားစင်တာတွင် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်နှင့်စပါးကုန်သည်များအသင်း (MRPTA) မှ စားသုံးသူများအား အသိပေးထား သည်။

အစောပိုင်းက ဝါးတန်း ဒိုင်သည် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တိုင်းတွင်သာ သင့်တင့် မျှတသော ဆန်ဈေးနှုန်းဖြင့်ရောင်းချခြင်းအစီအစဉ်များကို စီစဉ်ရန်ကမ်းလှမ်းခဲ့သည်။ လက်ရှိတွင် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဆန်ရောင်းချခြင်းအစီအစဉ်ကို တစ်ရက်ထက်ပို၍ ထပ်မံထည့်သွင်း ထားခဲ့သည်။ မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် ဆန်စပါးကုန်စည်ဒိုင်များသည် ဇွန်လ ဒုတိယ အပတ်မှ စတင်ကာ ဝါးတန်းဆန်လက်ကားအရောင်းစင်တာတွင် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ သင့်တင့်မျှတသောဈေးနှုန်းဖြင့်ဆန်များ ရောင်းချပေးလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာ ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ဇွန်အတွက် သင့်လျော်သော ဆန်ဈေးကွက်ပေါက်ဈေးများ ထုတ်ပြန်ခဲ့ပြီး သတ်မှတ်ဈေး နှုန်းများနှင့် မကိုက်ညီပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရ သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်ဆန်အမျိုးအစားအားလုံးအတွက် သင့်လျော်သောဈေးနှုန်းများ ထုတ်ပြန်ခဲ့သည်။ ပရီမီယံမဟုတ်သော ဆန်မျိုးကွဲများ (ဧည့်မထ၊ ငစိန်၊ ဆင်းသုခ၊ ငစိန်ရာကျော်၊ ကရင်မ၊ ရတနာတိုး၊ ထွန်းပု၊ GW-11၊ 747၊ သီးပု၊ ရွှေမန်း၊ နံ့ကောက်၊ အခြားမျိုးများ) ၁၀၈ ပေါင် ၁ အိတ်လျှင် ငွေကျပ် ၆၀,၀၀၀ မှ ၇၂,၀၀၀ ကျပ်ရှိပြီး ပြည်တွင်းစားသုံးပြီး ပြည်ပတင်ပို့သည့် စပါးမျိုးများ (ဧယာ၊ ငွေတိုး၊ မင်းဧရာ၊ နံ့ကောက်၊ ရွှေမန်း) တို့သည် တစ်အိတ်လျှင် ငွေကျပ် ၆၈,၀၀၀ မှ ကျပ် ၇၈,၀၀၀ကျပ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ရင့်မှည့်မှုသက်တမ်းတိုသော ရွှေသွယ်၊ အညာသား၊ ပခန်း၊ မှော်ဘီ-၂၊ ၃၊ ရက် ၉၀ ဆန်များ၊ မနောသုခ၊ ဆင်းသုခ၊ ဗေျာ့ထွန်း၊ ဧရာပဒေသာ၊ ဧရာမင်းတို့သည် တစ်အိတ်လျှင် ၇၅၀၀၀ ကျပ်မှ ၉၉၀၀၀ ကျပ်ရှိပြီး မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့်မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ ထွက်ရှိသော မဂျမ်းတော၊ ဧရာမင်း၊ ဧရာပဒေသာ အပါအဝင် အရှည်အသွေး အလယ်အလတ်ရှိသည့်ဆန်မျိုးများနှင့် ပရီမီယံ ပေါ်ဆန်း (ဧရာဝတီ ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း) ဆန်တို့မှာ တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်မှ ၁၅၅,၀၀၀ ကျပ် အထိ ဈေးရှိသည်။

လက်လီရောင်းချသူများသည် သတ်မှတ်ထားသော သင့်လျော်သည့်ဈေးကွက်ပေါက်ဈေး၏ ၈ ရာခိုင် နှုန်းထက် ပို၍အမြတ်တင်ခွင့် မရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

စာ -၄ သို့

# ၂၀၂၅ ခုနှစ် ဇူလိုင် ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး အောက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့ နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက် ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ် များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊မင်းကင်းမြို့၊ကနီမြို့နှင့် မုံရွာမြို့တို့တွင်တစ်ပေမှ သုံးပေခန့်လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင်တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့ တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင်တစ်ပေခွဲခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ ဒေါင်ရင်းမြစ်ရေသည်မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည်ငါးသိုင်းချောင်းမြို့၊ သာပေါင်း မြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့်နှင့် ရွှေကျင်မြစ်ရေသည်ရွှေကျင်မြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

## ဇူလိုင်လတွင် ဓာတ်မြေသြဇာ ရည်ညွှန်းဈေးနှုန်းမြင့်တက်

**ဓာတ်**မြေသြဇာရည်ညွှန်းဈေးနှုန်းများ ဇွန်လတွင် မှတ်ပုံတင်ထားသည့် နှုန်းထားများနှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် ဇူလိုင်တွင် အနည်းငယ် မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဓာတ်မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး လုပ်ငန်းရှင်များအသင်း (MFSPEA) မှ ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်အတွက် ရည်ညွှန်းဈေးနှုန်းများမှာ ယူရီးယားဓာတ်မြေသြဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ Rock Phosphate ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၂၄,၀၀၀ ကျပ်နှင့် Di Ammonium Phosphate ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၃၅,၀၀၀ ကျပ် ဖြစ်သည်။

ဇူလိုင်တွင် ယူရီးယားဓာတ်မြေသြဇာ ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ငွေကျပ် ၁၀၂,၀၀၀၊ Rock Phosphate ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၂၄,၀၀၀ နှင့် Di Ammonium ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၄၅,၀၀၀ ကျပ်တို့အထိ ဈေးတက်ခဲ့သည်။ ဇူလိုင်လတွင် တစ်အိတ်လျှင် ကျပ် ၇,၀၀၀ မှ ၁၀,၀၀၀ အတွင်း ယခင်လထက် တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရှိရသည်။

အထက်ဖော်ပြပါဈေးနှုန်းများမှာ ရန်ကုန်တိုင်းဒေသကြီးအတွက် သတ်မှတ်ထားသည့် ဈေးနှုန်းများဖြစ်သောကြောင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သယ်ယူပို့ဆောင်ခပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် ကွာခြားနိုင်သည်ဟု MFSPEA မှ ဖော်ပြထားသည်။ ထို့အပြင် ရည်ညွှန်းဈေးနှုန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထပ်မံကြေညာပေးမည်ဖြစ်သည်။ ဈေးနှုန်း ပိုမိုရောင်းချသူများရှိပါက ဝယ်ယူသူများအနေဖြင့် ၀၆၇ - ၄၁၀၀၃၂ နှင့် ၀၉ - ၉၈၈ ၅၃၉ ၃၆၀ များမှ



တစ်ဆင့် ကော်မတီထံသို့ တိုင်ကြားနိုင်သည်။ MFSPEA သည် အသင်းဝင် ကုမ္ပဏီများအား ရည်ညွှန်းဈေးနှုန်းများကို လိုက်နာရန် တောင်းဆိုထားပြီးဖြစ်သည်။

လက်ရှိတွင် စိုက်ပျိုးသူများအနေဖြင့် အရည်အသွေးမီ ဓာတ်မြေသြဇာများ ပြတ်လပ်မှုနှင့် မကြုံတွေ့စေရေးအတွက် ၃ လတစ်ကြိမ် မြေသြဇာကော်မတီ အစည်းအဝေး ကျင်းပလျက်ရှိသည်။ မြေသြဇာနည်းပညာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြေသြဇာမှတ်ပုံတင်ခြင်း ၁၂၂၉၇ ခုကို ၄၃ ကြိမ်မြောက် မြေသြဇာကော်မတီ အစည်းအဝေးအပြီးတွင် ခွင့်ပြုပေးခဲ့ပါသည်။ တစ်ဦးချင်း၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်မှု ၂,၀၈၈ ကို ဆန္ဒအလျောက် ပယ်ဖျက်ခဲ့ပါသည်။ တရားဝင် သက်တမ်းကုန်ဆုံးရန် မှတ်ပုံတင်မှု ၂၈၆၇ ခုကို ရုပ်သိမ်းခဲ့ပြီး မှတ်ပုံတင် ၇၃၄၂ ခုကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/fertilizer-reference-prices-edge-up-in-july/

# ဆင်သေဆည်ရေသောက်စနစ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော်၊ ဇူလိုင် ၁၀

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် ဇူလိုင် ၉ ရက်နေ့ တွင် နေပြည်တော် ကောင်စီနယ်မြေ စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ဖြင့် ဆင်သေချောင်း လက်ဝဲနှင့် လက်ယာ အတွင်းရှိ စိုက်ပျိုးမြေ ဧက ၃၈၄၄၄ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရန် ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးများ သည် ဇေယျာသီရိမြို့နယ် ကျွန်းယောင်းကျေးရွာအုပ်စု ရွှေဗဟိုကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံ၍ လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပြောင်းသီးနှံအခြေခံ နှစ်သီးစား ယာသီးနှံအဓိကထား စိုက်ပျိုးသည့် သီးနှံပုံစံများနှင့် စပ်လျဉ်း၍လည်ကောင်း၊ သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် သုံးသီးစား သီးနှံပုံစံ စိုက်ပျိုးနိုင်ရေး အလားအလာနှင့် စိုက်ပျိုး သီးနှံများ ပန်းတိုင်အထွက်ရရှိရေးအတွက် မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်ရေး၊ သီးနှံပုံစံ ချိန်ညှိစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ ရရှိနိုင်မှုနှင့် ဖြည့်ဆည်းပေးနိုင်မည့် အလားအလာများ၊ အခြားသော လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး တို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီးများသည် ဇေယျာသီရိမြို့နယ် သာစည်အုပ်စု၊ အောင်သာ ကျေးရွာ တောင်သူများနှင့်တွေ့ဆုံ၍ပြောင်း-ပဲကြီး၊ ပြောင်း-မြေပဲ ၊ ပြောင်း-နှမ်းသီးနှံ ၊ ကြံ သီးနှံစသော ဒေသခံတောင်သူများအဓိကစိုက်ပျိုးလျက်ရှိသည့် သီးနှံပုံစံများ၊ သီးနှံအလိုက် မျိုးစေ့သုံးစွဲမှုအခြေအနေနှင့် သီးနှံအထွက်နှုန်းရရှိမှု၊ သီးနှံအလိုက်အထွက်နှုန်း တိုးတက်ရရှိရေး အတွက် ပြောင်းလဲသင့်သည့် သီးနှံပုံစံနှင့် ဖြေရှင်းပေးရမည့် အခက်အခဲများ၊ မြေယာအသုံးပြုခွင့် လုပ်ကိုင်ခွင့်ဆိုင်ရာများ၊ စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်မှု အခွင့်အလမ်းများကိုဆွေးနွေးခဲ့ကြပြီး လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်အုပ်စုဆင်တဲကြီးကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံ၍ သီးနှံအလိုက် ပန်းတိုင်အထွက်ရရှိရေး၊ တစ်ဧကချင်း၏ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေး၊ ဒေသခံတောင်သူများအတွက် တောင်သူပညာပေးစင်တာ ထူထောင်ပေးနိုင်ရေး၊ ပဲပုပ်သီးနှံ စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်သွားမည့် အစီအစဉ်များ ၊ သီးနှံများ၌ ခတ်ကြွင်းအာနိသင်လျော့ချနိုင်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI



စာ-၂ မှ

ဆန်ဝယ်ယူရာတွင် အခက်အခဲရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ ဆက်သွယ် မေးမြန်းရန် တိုက်တွန်းထားသည်။ ဝယ်ယူသူများသည် ဈေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနနှင့် MRF သို့ တိုင်ကြားနိုင်သည်။ သတ်မှတ်ထားသော စံအတိုင်းအတာများနှင့် အရည်အသွေးမပြည့်မီသော ရောင်းချမှုများနှင့် ညွှန်ကြားချက်များကို မလိုက်နာပါက အရေးကြီးကုန်စည်များ ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ ဒဏ်ငွေနှင့် အခွန်ကောက်ခံခြင်းနှင့် တရားစွဲဆိုခြင်းတို့ကိုခံရမည်ဖြစ်ကြောင်း MRF မှ သတိပေး ထားခဲ့ပါသည်။ ထို့ကြောင့် ဆန်စက်များ၊ ဆန်အရောင်းဆိုင်များ၊ ဆန်ကုန်သည်များအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လိုက်နာကြပါရန် တိုက်တွန်းထားကြောင်း သိရှိရသည်။ အေးအေးခိုင်

https://www.gnlm.com.mm/fair-price-rice-available-at-wahdan-centre-tue-thu/

**မျက်နှာဖုံးမှ-**

ပဲခူးတိုင်းဒေသကြီး၌ ယနေ့အထိ မိုးစပါး ဧက ၃၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်းနှင့် လျာထားဧက ၁၀၆၄၅၃ ဧက အား အပြည့်အဝ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ် ကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တို့သည် ပဲခူး(၁၀)မိုင်ကုန်း ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၏ တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်း အသုံးပြုခွင့်ရရှိထားသည့် ကုမ္ပဏီ၏မြေနေရာ ဧက(၁၀၀)အား ကြည့်ရှုစစ်ဆေး၍ မိုးရာသီကုန်သည်နှင့် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြနိုင်ရေးကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ MOALI

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲ စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါကတည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး ၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များအရ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ထုတ်ပေးမှုများ အိန္ဒိယတွင် တိုးတက်လာ

အိန္ဒိယနိုင်ငံတွင်လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များအရ ထုတ်ပေးခဲ့သော ဦးစားပေးအကောက်ခွန်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်အရေအတွက်သည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၆,၈၄,၇၂၄ စောင်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၇,၂၀,၉၉၆ စောင်အထိ ပိုမိုတိုးတက် လာနေကြောင်း အစိုးရ၏ အချက်အလက်များအရ သိရပြီး၊ အိန္ဒိယနိုင်ငံမှ တင်ပို့သူများအနေဖြင့် အဆိုပါကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်များကိုပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း Economic Times က ဖော်ပြသည်။

အိန္ဒိယစီးပွားရေးဝန်ကြီး Sunil Barthwal က အိန္ဒိယနိုင်ငံ၏ကုန်သွယ်မှုသည် ဦးစားပေး ဆိုင်ရာလမ်းကြောင်းအောက်မှ တိုးတက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ လွတ်လပ်စွာကုန် သွယ်ရေး သဘောတူညီချက်တစ်ခုတွင် နိုင်ငံနှစ်ခုသည် ၎င်းတို့အကြား ကုန်သွယ်မှုပြုသည့် ကုန်ပစ္စည်း အများဆုံးအပေါ် အခွန်များကို သိသိသာသာလျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းပြုလုပ်ကြကြောင်း သိရသည်။

ယနေ့အချိန်ထိ အိန္ဒိယနိုင်ငံသည် ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် ဩစတေးလျနိုင်ငံ အပါအဝင် ကုန်သွယ်ဖက်နိုင်ငံများနှင့် ယင်းကဲ့သို့သော သဘောတူညီချက် ၁၂ ခုကျော်ကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း သိရသည်။

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်သည် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်များ ချုပ်ဆိုထားသည့် နိုင်ငံများသို့ တင်ပို့မှုများအတွက် လိုအပ်သော အဓိကစာရွက်စာတမ်းတစ်ခုဖြစ်သည်။ တင်ပို့သူတစ်ဦးသည် အဆိုပါလက်မှတ်ကို တင်သွင်းသည့်နိုင်ငံ၏ ဆိပ်ကမ်းတွင် တင်ပြရကြောင်း သိရသည်။ ၎င်းသည် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်များအရ အကောက်ခွန်သက်သာခွင့်များကို တောင်းဆိုရန် အရေးကြီးသည့် စာရွက်စာတမ်းတစ်ခုဖြစ်ပြီး၊ ကုန်ပစ္စည်းများ မည်သည့်နေရာမှ လာသည်ကို သက်သေပြရန် မရှိမဖြစ်လိုအပ်သော အထောက်အထားတစ်ခုလည်း ဖြစ်သည်။




"တစ်စုံတစ်ဦးက ဤလက်မှတ်များကို ရယူနေသည်ဆိုပါက ၎င်းတို့သည် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အရ ရသင့်ရထိုက်သော ဦးစားပေးအခွန်ကို အသုံးပြုနေခြင်းဖြစ်သည်" ဟု စီးပွားရေးဝန်ကြီး Barthwal က ပြောကြားခဲ့သည်။ အဆိုပါသဘောတူညီချက်များအရ အကောက်ခွန်သက်သာခွင့်များ ရယူခြင်းဖြင့် အိန္ဒိယတင်ပို့သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လက်ရှိဘဏ္ဍာနှစ်၏ ဧပြီလမှ မေလအတွင်း ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် ၁,၃၂,၁၁၆ စောင် ထုတ်ပေးခဲ့ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလတွင် ၁,၂၀,၅၉၈ စောင် ထုတ်ပေးခဲ့ကြောင်း အချက်အလက်များအရ သိရှိရသည်။

**ကောင်းထွဋ်အောင်**

Economic Times, Issuance of preferential certificates under FTAs rises, signals higher trade pact use by exporters, June 16, 2025.

စာ-၈ မှ-

အတွင်း ထည့်သွင်းသိုလှောင်ခြင်းဖြင့် ရေပါဝင်မှုကို လျှော့ချပြီး ရင့်မှည့်သောပျားရည်ကို ရရှိစေသည်။

ပျားမွေးမြူရေးတွင် အခြေစိုက်ပျားမွေးမြူရေးနှင့် ရွှေ့ပြောင်းပျားမွေးမြူရေးဟူ၍ မွေးမြူနည်း ၂ နည်းရှိသည်။ အခြေစိုက်ပျားမွေးမြူရေးသည် ပျားအုံများကိုအတည်တကျနေရာတစ်ခုတည်းတွင်သာ ချထားမွေးမြူခြင်းဖြစ်ပြီး ရွှေ့ပြောင်းပျားမွေးမြူရေးတွင် ပျားစာ ရရှိမှုပေါ်မူတည်၍ ပျားအုံများကို နေရာရွှေ့ပြောင်းမွေးမြူခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း ပျားမွေးမြူရေးကိုသာ တွင်ကျယ်စွာအသုံးပြုနေကြပြီး ပျားစာပင် စဉ်ဆက်မပြတ် စိုက်ပျိုးပေးရန်လိုအပ်သည့် အခြေစိုက်ပျားမွေးမြူရေးကို လုပ်ကိုင်သူမရှိသေးကြောင်း တွေ့ရသည်။

ပျားများအတွက် ဝတ်မှုန်နှင့် ပျားရည်ရရှိရန် အောက်ပါအပင်များကို စိုက်ပျိုးပေးသင့်သည်-

• ပန်းပွင့်သောအပင်များ

နေကြာ၊ ပဲအမျိုးမျိုး နှင့် သစ်သီးပင်များ (ဥပမာ - ကျွဲကော၊ သခွား၊ စတော်ဘယ်ရီ)၊ ပန်းမန်များ (ဥပမာ - နှင်းပန်း) နှင့် သဘာဝပေါင်းပင်များ (ဥပမာ - ထိကရုန်း၊ ဘိစပ်၊ လက်ပံ) တို့မှလည်း ဝတ်ရည်၊ ဝတ်မှုန်ရရှိနိုင်သည်။



• ဆေးဖက်ဝင်အပင်များ

ပျဉ်းတော်သိမ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နနွင်း၊ ဂျင်းစသည့် အပင်များသည် ပျားများအတွက် ဝတ်မှုန်နှင့် ပျားရည်ကို ပေးစွမ်းနိုင်သည်။

ပျားမွေးမြူရေးတွင် အဓိကပန်းတိုင်ဖြစ်သော ပျားရည်ထုတ်လုပ်ခြင်းသည် ပျားစာ ရရှိမှုပေါ် မူတည်သည်။ ပျားစာပင်များပန်းပွင့်၍ ဝတ်ရည်၊ ဝတ်မှုန် အမြောက်အမြားရရှိသော ကာလသည် ပျားရည်ထုတ်ယူနိုင်သောကာလဖြစ်သည်။ ပျားရည်ထုတ်ကာလ မရောက်ရှိမီကြိုတင်၍ ပျားအုံအင်အားကောင်းမွန်အောင် ပျားစခန်းအနီးတွင် အဓိကပျားစာပင်ရှိရန် ပြင်ဆင်ထားရမည်။ ပန်းများလှိုင်လှိုင်ပွင့်ချိန်တွင် ဝတ်ရည်အဓိကရရှိချိန်ဖြစ်၍ ပျားဘောင် အလွတ်များ ထည့်သွင်းပေးရမည်။ အုံအတွင်း ပျားသလက်ဘောင်အလွတ်မရှိပါက ပျားရည်ထုတ်လုပ်မှုကို ထိခိုက်နိုင်စေသည်။ အစာရရှိမှုနည်းပါးသောကာလတွင် သကြားရည် တိုက်ကျွေး၍ အုံအင်အားကို ထိန်းသိမ်းထားရမည်။ ပျားရည်ထွက်ရာသီနှင့် အစာရှားရာသီတို့မှာ ဆက်စပ်နေ၍ ရာသီတစ်ခုတွင်ချို့ယွင်းမှုရှိခဲ့ပါက နောက်ရာသီကိုပါ လာရောက်ထိခိုက်နိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သုတေသနတွေ့ရှိချက်အရ အစာပေါများသောကာလတွင် ပျားများ၏ ကြီးထွားဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်သောကြောင့် ဝတ်မှုန်စုဆောင်းနိုင်မှု ပိုမိုများပြားပြီး ဝတ်ရည်စုဆောင်းနိုင်မှု လည်း မြင့်မားကြောင်း တွေ့ရှိခဲ့ရသည်။ ပျားစာပေါများရာသီတွင် ပျားများကောင်းမွန်စွာ ကြီးထွားဖွံ့ဖြိုးမှု ရရှိထားမှသာ ပျားစာရှားပါးချိန်တွင် ကျရောက်လာနိုင်သော ရောဂါပိုးမွှား များထံမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ပျားမွေးမြူရေးသည် တောင်သူများအတွက် အမြတ်အစွန်းနှင့် အကျိုးကျေးဇူးများစွာ ပါဝင်သောလုပ်ငန်းတစ်ခုဖြစ်သည်။ သဘာဝနှင့်ညီညွတ်ပြီး မိမိလယ်ယာလုပ်ငန်းနှင့် တွဲဖက်ပြုလုပ်နိုင်သည်။ ထို့ကြောင့် တောင်သူများသည် ပျားမွေးမြူရေး စတင်ပြုလုပ်ရန် စဉ်းစားသင့်ပါသည်။ ပျားမွေးမြူရေးသည် သဘာဝနှင့်ညီညွတ်ပြီး၊ မိမိလယ်ယာလုပ်ငန်းနှင့် တွဲဖက်ပြုလုပ်နိုင်သော ရင်းနှီးမြှုပ်နှံမှုနည်းသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မိမိစိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်စေရန်နှင့် ဝင်ငွေရရှိမှုများပြားစေရန် ပျားမွေးမြူရေးကို ထည့်သွင်း လုပ်ကိုင်ရန် စဉ်းစားသင့်ပါသည်။

**မိပြည့်(မွေးသု)**

# ဂျပန်ရေထွက်ကုန်များကို တရုတ်သို့ တစ်စိတ်တစ်ပိုင်း ပြန်လည်တင်သွင်းခွင့်ပြု

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား စစ်ရေးအရတင်းမာမှုများ မြင့်တက်လျက်ရှိသော်လည်း နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများလျှော့ နည်းလာစေရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တစ်စိတ်တစ်ပိုင်း ပြန်လည် တင်သွင်းခွင့်ပြုခဲ့ကြောင်း ၃၀-၆-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “China partially lifts ban on Japanese seafood imports in bid to ease frictions” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ဂျပန်နိုင်ငံ၏ အဓိကပို့ကုန်တစ်ခုဖြစ်သည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းမှာ ဂျပန်နိုင်ငံအတွက် ကြီးမားသည့် အပြောင်းအလဲတစ်ခုဖြစ်ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီး Shinjiro Koizumi က ပြောကြားထားကြောင်း၊ ဖူကူရှီးမားအမှတ်(၁) နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအားလုံးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်မှစတင်၍ တင်သွင်းခွင့်ပိတ်ပင်ခဲ့ကြောင်းနှင့် ၂၉-၆-၂၀၂၅ ရက်နေ့မှစတင်၍ ပထမဆုံးအကြိမ် ပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံ အကြား နည်းပညာဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ ဒေသအချို့မှ ရေထွက်ကုန်များကို



တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ဖူကူရှီးမား၊ မီရာဂီနှင့် တိုကျိုအပါအဝင် ပြည်နယ် ၁၀ ခုသည် ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည့် ပြည်နယ်များတွင် မပါရှိသေးကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကျန်ရှိသည့်ပြည်နယ် ၁၀ ခု အပါအဝင် ဂျပန်နိုင်ငံ၏ အမဲသားကို တရုတ်နိုင်ငံဘက်မှ ပြန်လည်တင်သွင်းခွင့်ပြုရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ်Kazuhiko Aoki က ပြောကြားထားကြောင်း ဆက်လက်ဖော်ပြထားသည်။

ဖူကူရှီးမားအမှတ်(၁) နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများစွန့်ပစ်ထားမှုကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏မူဘောင်အရ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်သွားရန် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာတွင် သဘောတူညီမှုရရှိခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းလာမည့် ရေထွက်ကုန်လုပ်ငန်းများ စာရင်းကို တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်ပြီးသည့်ကုမ္ပဏီများမှ တင်သွင်းလာမည့် ရေထွက်ကုန် များသည် ပိုးမွှားရောဂါကင်းရှင်းကြောင်းနှင့် ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများဖြစ်သည့် Cesium နှင့် Iodine ကင်းရှင်းကြောင်း စစ်ဆေးချက်အထောက်အထားများနှင့် ပင်ရင်းသက်သေခံလက်မှတ်များ ပူးတွဲတင်ပြလာသည့် ရေထွက်ကုန်များကိုသာ တင်သွင်းခွင့်ပြုသွားရန် ၂၀၂၅ ခုနှစ်၊ မေတွင် တရုတ်နိုင်ငံဘက်မှ သဘောတူညီခဲ့ကြောင်း ပါရှိသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား မဟာဗျူဟာ မြောက်ယှဉ်ပြိုင်မှုမှာ ပိုမိုပြင်းထန်လာသည့်အတွက် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးကို တည်မြဲစေလို၍လည်းကောင်း၊ ဂျပန်နိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက် လည်းကောင်း ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ တစ်စိတ်တစ်ပိုင်းပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**သူဇာဖြိုး**

# ကမ္ဘောဒီးယား၏ ကုန်စိမ်း တင်ပို့မှု ၅၈ ရာခိုင်နှုန်း တိုးလာ

ကမ္ဘောဒီးယား၏ ကုန်စိမ်း ကဏ္ဍသည် ယခုနှစ်အစောပိုင်းတွင် သိသိသာသာ တိုးတက်လာခဲ့ပြီး အဓိကပို့ကုန်များဖြစ်သည့် သစ်သီးနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုမှာ အားကောင်းနေခဲ့သည်။ ပြည်ပသို့ အဓိကတင်ပို့သည့် ကုန်စိမ်းများမှာ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ပြောင်း၊ ငရုတ်ကောင်းနှင့် လောင်ဂန်သီး တို့ဖြစ်သည်။

ဇန်နဝါရီမှ မေအထိ သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၉ သန်းရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ထက် ၅၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ငှက်ပျောတင်ပို့မှုမှာ ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၆ သန်းရှိခဲ့သည်။ သရက်သီးစိမ်း တင်ပို့မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉၅ သန်းရှိပြီး ၁ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရှိရသည်။ ပီလောပီနံတင်ပို့မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၁၇ သန်းရှိပြီး ကာလတူထက် ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ပြောင်း၊ ငရုတ်ကောင်း၊ လောင်ဂန်နှင့် အခြားသော ကုန်ကြမ်းများတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ဒေါ်လာ ၈၃ သန်းခန့် ရရှိခဲ့သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး ဒစ်တီနာက ကမ္ဘောဒီးယား၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရာတွင် ကုန်စိမ်းထုတ်ကုန် ကဏ္ဍ၏အရေးပါမှု၊ ၎င်းကဏ္ဍ၏ လိုက်လျောညီထွေရှိစွာ ရေရှည်ထိန်းသိမ်းထားနိုင်စွမ်းနှင့် စားနပ် ရိက္ခာဖူလုံမှု၊ ပို့ကုန် တိုးတက်မှုတို့တွင် အဓိကအခန်းကဏ္ဍတွင်တည်ရှိနေမှုကို မီးမောင်းထိုးပြခဲ့သည်။

တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းတို့သည် ကမ္ဘောဒီးယား၏ ကုန်စိမ်းထွက်ကုန်များ တင်ပို့မှုအတွက် ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။ စိုက်ပျိုးရေးသည် ကမ္ဘောဒီးယားနိုင်ငံစီးပွားရေး၏ အဓိက မဏ္ဍိုင်လေးရပ် အနက်မှ တစ်ခုဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အစိုးရက စိုက်ပျိုးရေးလုပ်ငန်း ဖြင့် သမရိုးကျအသက်မွေးဝမ်းကြောင်းပြုခြင်းမှ စီးပွားဖြစ်လယ်ယာကဏ္ဍသို့ ကူးပြောင်းရန် ရည်ရွယ်သည့် မဟာဗျူဟာမူဝါဒသစ် တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး တန်ဘိုးမြင့်ထုတ်ကုန်များမှ တစ်ဆင့် တောင်သူများ၏ ဝင်ငွေ တိုးမြင့်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

ဤမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာစေရန်အတွက် နိုင်ငံတစ်ဝှမ်းရှိ ခရိုင်များတွင် စိုက်ပျိုးရေးအရာရှိများကို တာဝန်ချထားခဲ့သည်။ ၎င်းအရာရှိများသည် သမဝါယမများဖွဲ့စည်းခြင်း၊ ထုတ်လုပ်မှုကွင်းဆက်များ ချောမွေ့စေရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချရေးတို့တွင် လယ်သမားများအား ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9744353/cambodia-fresh-produce-exports-up-58/



# နွေပဲတီစိမ်းနှင့် မတ်ပဲတို့ကို အနည်းဆုံး ပံ့ပိုးဈေးနှုန်းဖြင့် ဝယ်ယူရန် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနအတည်ပြု



အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာန သည် နွေပဲတီစိမ်းနှင့် မတ်ပဲတို့ကို Madhya Pradesh ပြည် နယ်မှ လည်းကောင်း၊ မတ်ပဲကို Uttar Pradesh ပြည်နယ်မှလည်းကောင်း အနည်းဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြုခဲ့ကြောင်း The Hindu Businessline က ယခု ၂၄ ရက်တွင် ဖော် ပြသည်။

အိန္ဒိယ ဗဟိုအစိုးရ စိုက်ပျိုးရေး ဝန်ကြီး Shivraj Singh Chouhan သည် အဆိုပါ ပြည်နယ် နှစ်ခုမှ စိုက် ပျိုး ရေး ဝ န် ကြီး များ နှ င့် အစည်းအဝေးကျင်းပခဲ့ပြီး ဈေးနှုန်း ပံ့ပိုးမှုအစီအစဉ် (Price Support Scheme -PSS) အောက်တွင် အဆိုပါဝယ်ယူမှုကို အတည်ပြုခဲ့ ကြောင်း တရားဝင်ထုတ် ပြန်ချက် အရ သိရသည်။

Chouhan သည် ပြည်နယ်ဝန်ကြီး များနှင့်အတူ ဝယ်ယူရေးဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှုများကိုလည်း ဆွေးနွေးခဲ့ပြီး NAFED၊ အိန္ဒိယနိုင်ငံ အမျိုးသားသမဝါယမစားသုံးသူများ အဖွဲ့ချုပ် (NCCF) နှင့် ပြည်နယ် အရာရှိများသို့ လိုအပ်သော ညွှန်ကြား ချက်များကို ထုတ်ပြန်ခဲ့ကြောင်း သိ ရသည်။ NAFED နှင့် NCCF တို့သည် ပြည်ထောင်စုအစိုးရကိုယ်စားသီးနှံ များကို ဝယ်ယူကြကြောင်း သိရ သည်။

အဆိုပါ အစည်းအဝေးအတွင်း Chouhan က ပဲတီစိမ်းနှင့် မတ်ပဲတို့ ကို ဝယ်ယူရန် ဆုံးဖြတ် ချက်သည် ဗဟိုအစိုးရအပေါ် သိသာထင်ရှားသော ငွေကြေးဝန်ထုပ်ဝန်ပိုးဖြစ်စေ မည် ဖြစ်သော်လည်း ဝန်ကြီးချုပ် နာ ရင်ဒရာမိုဒီ၏ ဦးဆောင်မှုအောက် တွင် အစိုးရသည် တောင်သူလယ် သမားများ ရည်ရွယ်ထားသော အကျိုးကျေးဇူးများကို ရရှိစေရန် ကတိပြုထားကြောင်း ပြောကြားခဲ့ သည်။ ၎င်းက ဝယ်ယူရေးလုပ်ငန်း စဉ်ကို စနစ်တကျ ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးထား ပြောကြားခဲ့ သည်။ တောင်သူလယ် သမားများထံမှ တိုက်ရိုက်ဝယ်ယူ ခြင်းဖြင့် ကြားခံလူများ၏ သြဇာ လွှမ်းမိုးမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အမှန်တကယ် အကျိုးကျေးဇူးကို တောင်သူလယ်သမားများထံ ရောက် ရှိစေ မည်ဖြစ်ကြောင်း သိရသည်။

၎င်းက တောင်သူလယ်သမားများ မှ န် က န် စွာ မှ တ် ပုံ တ င် နိုင် ရ န် နောက်ဆုံးပေါ်နှင့် အထိ ရောက်ဆုံး နည်းပညာများကို အသုံးပြုရန် တောင်းဆိုခဲ့ပြီး လိုအပ်ပါက ဝယ်ယူ ရေးဗဟိုဌာနများ အရေအတွက် တိုး မြှင့်ရန်နှင့် လုပ်ငန်းစဉ်တစ်ခုလုံးကို တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိ စွာ ဆောင် ရွက်ရန် အရာရှိများ ကို အကြံပြုပြောကြားခဲ့ကြောင်း သိရ သည်။

ဝန်ကြီးများနှင့် အရာရှိများကို သိုလှောင်မှုဆိုင်ရာ မူမမှန်မှုများနှင့် စပ်လျဉ်းသော စိုးရိမ်ပူပန်မှုများအား ထု တ် ဖော် ပြော ကြား ရာ တွ င် ပြဿနာကို ဖြေရှင်းရန် ခိုင်မာသော အစီအမံများ ပြုလုပ်ကြဖို့ Chouhan က တိုက်တွန်းခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ Madhya Pradesh ပြည်နယ် တောင်သူလယ်သမား၊ လူမှုဖူလုံရေးနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Aidal Singh Kansana၊ Uttar Pradesh ပြည်နယ် စိုက်ပျိုးရေး ဝန်ကြီး Surya Pratap Shahi၊ ပြည်ထောင်စု စိုက်ပျိုးရေးအတွင်းဝန် Devesh Chaturvedi နှင့် အခြား အကြီးတန်းအရာရှိများတက်ရောက် ခဲ့ကြကြောင်း အဆိုပါထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ ဗဟိုအစိုးရမှ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ပြည်နယ် နှစ်ခုမှ အနည်းဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြုလိုက် ခြင်းသည် မြန်မာ့ပဲဈေးကွက် အပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် သော သက်ရောက်မှုများ ဖြစ်ပေါ်စေ နိုင်ပါသည်။ အကယ်၍ အိန္ဒိယ နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်ယူမှုများ တိုးမြှင့်လာပါက မြန်မာနိုင်ငံမှ တင်ပို့သည့် ပဲအမျိုး မျိုးအတွက် အိန္ဒိယဈေးကွက်၏ ဝယ်လိုအား အနည်းငယ်လျော့ကျ သွားနိုင်ပါသည်။ သို့ရာ တွင် အိန္ဒိယ နိုင်ငံ၏ ပဲလိုအပ်ချက်သည် ကြီးမား သည့်အတွက် မြန်မာ့ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်ရှိ နေဦးမည်ဟု သုံးသပ်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Centre approves procurement of summer moong, urad in MP, urad in UP, June 24, 2025.

# ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုကြောင့် ဗီယက်နမ်နှင့် မလေးရှားတွင် ဒူးရင်းဈေးကျဆင်း

ဗီယက်နမ်နိုင်ငံ၏ အလယ်ပိုင်း ကုန်းမြင့်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒူးရင်းသီး ခူးဆွတ် ခြင်းကို နှောင့်နှေးစေခဲ့ပြီး ရောင်းချ ရာတွင်လည်း တောင်သူအချို့မှာ သိသိသာ သာ အရှုံးပေါ်ခဲ့ကြောင်း၊ မိုးဒဏ်ထိထားပြီး ရင့်မှည့်ချိန်မတိုင် မီ ခူးဆွတ် အခြောက်ခံ ထားသည့် သစ်သီးများကို ပြည်ပတင်ပို့ရန် ငြင်းပယ်ခံခဲ့ရကြောင်း၊ ဝယ်သူများ ဖက်မှ စရံငွေကို အဆုံးခံပြီး ဝယ်ယူ မှု စွန့်လွှတ်ခဲ့ကြောင်း Vietnambiz ၏ ပြောကြားချက်အရ သိရသည်။ ဆုံးရှုံးမှုအနေဖြင့် ဈေးနှုန်းများသည် တစ်ကီလိုလျှင် သုညဒသမ ၆၆ ဒေါ်လာ ကျဆင်းသွားကြောင်း၊ စိုက်ပျိုးသူ အများစု အတွက် အရင်း ကျေဈေးနှုန်းမှတ် ဖြစ်သည့် တစ် ကီလို ၁ ဒသမ ၅၅ ဒေါ်လာ အောက် သို့ ရောက်ရှိ သွားကြောင်း ကုန်သည် များက ဆိုသည်။



တစ်ချိန်တည်းမှာပင် အရှေ့တောင် အာရှ၏ အဓိက ဒူးရင်းတင်ပို့ ရောင်းချသည့်နိုင်ငံများ တွင် ပါဝင် သည့် မလေးရှားသည် နိုင်ငံတစ်ဝှမ်း စိန်ခေါ်မှုများနှင့် ကြုံတွေ့နေဆဲဖြစ် သည်။ မလေးရှားနိုင်ငံမှ ဒူးရင်းသီးပို့ ကုန်၏ ၈၅ ရာခိုင်နှုန်းခန့်ကို တင် သွင်းသည့် စင်ကာပူ၏ လက်လီ ဈေးကွက်သတင်းများအရ ယခုနှစ် အစောပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပန်းပွင့်ခြင်းကို ထိခိုက်စေခဲ့ပြီး ရာသီစရန် နှောင့်နှေး ခဲ့ရကြောင်း သိရသည်။ သို့သော် လည်း ပါဟန်တွင် ရာသီဥတု ကောင်းမွန်သောကြောင့် Musang King ခူးဆွတ်မှုကို ဇူလိုင်နှင့် ဩဂုတ် တွင် မျှော်မှန်းထားပြီး နောက်ပိုင်း တွင် အလားအလာများ ပိုမိုကောင်း မွန်လာခဲ့သည်။

ပမာဏများများတင်ပို့ရန် မျှော်လင့် ထားသော်လည်း မတည်ငြိမ်မှုများ ရှိ နေဆဲဖြစ်သည်။ ဒူးရင်း လက်လီ ရောင်းချသူ Rolling Durian သည် မတည်ငြိမ်သည့် ရာသီဥတုကြောင့် အထွက်နှုန်းကို ကန့်သတ်ထားဆဲ ဖြစ်ပြီး အမြင့်ဆုံးထွက်ရှိသည်ဟု ယူဆထားသည့် ပီနန်တွင်ပင် အထွက်နှုန်းမှာ အကန့်အသတ်ဖြင့် သာရှိကြောင်း သိရှိရသည်။ ဈေးနှုန်း များသည် လာမည့်လတွင် ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်မည်ဟု ကုမ္ပဏီက ခန့်မှန်းထားသော်လည်း ခန့်မှန်းမရသော ရာသီဥတုသည် ဝယ်လိုအားများကို ပြောင်းလဲနိုင်ဆဲ ဖြစ်ကြောင်း အလေးပေးပြောကြား ခဲ့သည်ဟု သိရှိရသည်။

**ဥမ္မာထွန်း**

https://www.freshplaza.com/asia/article/9744351/durian-prices-tumble-in-vietnam-and-malaysia-amid-weather-challenges/



# တောင်သူများအတွက် ပျားမွေးမြူရေး

မိပြည့်(မွေးသု)

ပျားမွေးမြူရေးသည် စိုက်ပျိုးရေး တည်တံ့မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ကျေးလက်စီးပွားရေး တိုးတက်မှုတွင်အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံတွင် အဓိက စီးပွားရေးနယ်ပယ်ဖြစ်သဖြင့် တောင်သူလယ်သမားများသည် ပျားမွေးမြူမှုကို ထည့်သွင်းပါက သီးနှံအထွက်နှုန်း တိုးတက်စေမည်၊ ဝင်ငွေထပ်မံရရှိစေမည်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

## ပျားမွေးမြူရေး၏ အရေးပါမှု

ပျားမွေးမြူရေးသည် တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် အကျိုး ကျေးဇူးများစွာ ပြုနိုင်သည်။ အဓိကအကျိုးကျေးဇူးများမှာ-

(၁) စိုက်ပျိုးထွက်ရှိမှုတိုးတက်စေခြင်း

ပျားမွေးမြူခြင်းသည် စိုက်ပျိုးသီးနှံများ၏ ဝတ်မှုန်ကူးမှုအောင်မြင်စေခြင်းဖြင့် အသီး အနှံများ ပိုမိုထွက်ရှိစေနိုင်သည်။ ပျားသည် သီးနှံများကို ဝတ်မှုန်ကူးခြင်းဖြင့် မျိုးအောင်စေပြီး အသီးအပွင့်များပိုမိုရရှိစေပါသည်။ ဝတ်မှုန်ကူးမှုအောင်မြင်ခြင်းဖြင့် သီးနှံများအထွက်တိုးစေသည့်အပြင် ရရှိသည့်သီးနှံများသည်လည်း အရည်အသွေးကောင်းမွန်ကြောင်း တွေ့ရှိရသည်။ ဝတ်မှုန်ကူးမှု မအောင်မြင်ပါက သီးနှံထွက်ရှိမှုနည်းပါးခြင်းအပြင်သီးနှံရရှိရန်လည်း နှောင့်နှေး ကြန့်ကြာစေပြီး အရည်အသွေးမပြည့်မီသော သီးနှံအညံ့အဖျင်းများကိုသာ ရရှိမည်ဖြစ်ပါသည်။ ဝတ်မှုန်ကူးခြင်းဆိုသည်မှာ လေ သို့မဟုတ် အင်းဆက်ပိုးမွှားများ၏ အကူအညီဖြင့် ဝတ်ဆံဖိုတွင်ရှိသော ဝတ်မှုန်အိတ်မှ ဝတ်မှုန်သည် ဝတ်မှုန်ခံ အပေါ်သို့ပြောင်းရွှေ့သွားခြင်းဖြစ်သည်။ ဝတ်မှုန်ကူးခြင်းဖြစ်စဉ်နောက်တွင် သန္ဓေအောင်ခြင်းဖြစ်ပွား၍ အပွင့်အသီးများကို ရရှိစေသည်။

(၂) အမြတ်အစွန်းကောင်းမွန်မှု

ပျားမွေးမြူရေးသည် သက်သာသော ရင်းနှီးမြှုပ်နှံမှုဖြင့် စတင်နိုင်ပြီး အမြတ်အစွန်း ကောင်းမွန်သော အလုပ်တစ်ခု ဖြစ်သည်။ ပျားမွေးမြူခြင်းမှ ပျားရည်၊ ပျားဖယောင်း၊ ပျားကော်များကို ရောင်းချနိုင်ပြီး ဈေးကောင်းရရှိနိုင်သည်။ ပျားရည်သည် အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသည်။ ပျားဖယောင်းကို ဖယောင်းတိုင်လုပ်ငန်း၊အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ပျားဝတ်မှုန်သည် အာဟာရ ဖြည့်စွက်စာအဖြစ် အသုံးဝင်သည်။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းမှု

ပျားမွေးမြူရေးသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် အထောက်အကူပြုနိုင်ပြီး သစ်ပင်များ ကြီးထွားမှုနှင့် သစ်တောထိန်းသိမ်းမှုကိုလည်း ကူညီပေးသည်။

အိန္ဒိယနိုင်ငံတွင် ပျားများ၏ ဝတ်မှုန်ကူးပေးမှုကြောင့် ဆီမုံညင်း (၁၃ မှ ၂၂၂ ရာခိုင်နှုန်း)၊ နှမ်း (၂၅-ရာခိုင်နှုန်း)၊ နေကြာ (၂၁ မှ ၃၄၀၀-ရာခိုင်နှုန်း)၊ ဆူးပန်း (၄ မှ ၁၄၄-ရာခိုင်နှုန်း) အထွက်တိုးသည်ကို သုတေသနပြုချက်များအရ တွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးတွင် ပျားဖြင့် ဝတ်မှုန်ကူးခြင်း၏ အရေးပါ မှုကို စိုက်ပျိုးမွေးမြူရေးပညာရှင်များ၊ တောင်သူပညာပေးပညာရှင်များနှင့် စိုက်ပျိုးလုပ်ကိုင် သူ တောင်သူများ စုပေါင်းဆောင်ရွက်ဆွေးနွေးခြင်းဖြင့် စိုက်ပျိုးသီးနှံအထွက်နှုန်းများ၊ အရည်အသွေးများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

ပျားမွေးမြူရေးအတွက် မြန်မာနိုင်ငံတွင် အထူးသင့်တော်သော Apis Mellifera (အေးပစ်မဲလီဖဲရာ) ပျားမျိုးများကို မွေးမြူနိုင်သည်။ တောင်သူများသည် ပျားမွေးမြူခြင်းအားဖြင့် အောက်ပါ အကျိုးအမြတ်များ ရရှိနိုင်သည်-

- တစ်နှစ်လျှင်၅၀-၁၀၀ ကီလိုဂရမ်ပျားရည်ထွက်နိုင်ခြင်း


ပျားပုံးများချထားမွေးမြူမှု

- ပျားဖယောင်းနှင့်ပျားကော် အပါအဝင်ပျားနို့၊ပျားဝတ်မှုန်ကဲ့သို့ဆေးဖက်ဝင်ပစ္စည်းများကိုလည်းရရှိနိုင်ခြင်း
- တစ်နှစ်အတွင်း စတင်ရင်းနှီးမြှုပ်နှံမှုကို ပြန်လည်ရရှိနိုင်ခြင်း

ပျားများသည် ကောင်းစွာဖွဲ့စည်းထားသော အုပ်စုဖွဲ့နေထိုင်ကြသည့်အင်းဆက်ပိုးများ ဖြစ်သည်။ အုပ်စုတစ်ခုစီတွင် ဘုရင်မတစ်ကောင်၊ လုပ်သားပျားများနှင့် ပျားထီးများ ပါဝင်သည်။ ပျားဘုရင်မ၏ အဓိကအခန်းကဏ္ဍမှာ ဥဥရန်ဖြစ်ပြီး လုပ်သားပျားများသည် အစာ ရှာခြင်း၊ ပျားအုံထိန်းသိမ်းခြင်းနှင့် သားပေါက်များကို ကြည့်ရှုစောင့်ရှောက်ပေးသည်။ ပျားထီးများသည် မိတ်လိုက်ရန်အတွက်သာ တည်ရှိသည်။

ပျားမွေးမြူရေးလုပ်ငန်းတစ်ခုကို မစတင်မီ ဒေသခံစည်းမျဉ်းများကို သိရှိပြီး လိုအပ်သော ခွင့်ပြုချက်များရရှိရန် လိုအပ်သည်။ သင့်တော်သောနေရာကို ရွေးချယ်ခြင်းသည် အရေး ကြီးသည် ပျားများသည် ပန်း၊ ရေချိုနှင့် လုံခြုံသော ပတ်ဝန်းကျင်ကို ရရှိဖို့လိုသည်။

## ပျားမွေးမြူရေးတွင်လိုအပ်သော အခြေခံကိရိယာများ

- ပျားအုံများ- ပျားများနေထိုင်သည့် သစ်သား သို့မဟုတ် ပလတ်စတစ် အဆောက်အအုံများ။ လန်စထရော့သ်(Langstroth Hive) ပျားအုံသည် အသုံးအများဆုံး အမျိုးအစား ဖြစ်သည်။
- အကာအကွယ်ပစ္စည်းများ – ပျားမွေးမြူသူများသည် ပျားဆိပ်မှကာကွယ်ရန် မျက်နှာဖုံးများ၊ ပျားကာအင်္ကျီများ ဝတ်ဆင်ရန်လိုအပ်သည်။
- မီးခိုးမှုတ်ကိရိယာ- ပျားအုံကို စစ်ဆေးသည့်အခါ ပျားများကို ငြိမ်သက်စေရန် မီးခိုး ထွက်စေသည့် ကိရိယာတစ်ခုဖြစ်သည်။
- ပျားအုံဖွင့်ကိရိယာ- ပျားအုံကိုဖွင့်ရန်နှင့် ပျားအုံအတွင်းရှိဘောင်များကို စီမံခန့်ခွဲရန် အသုံးပြုသည်။

ပျားအုံ၏ကျန်းမာရေးကို သေချာစေရန် ပျားအုံများစီမံခန့်ခွဲမှုနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို မှန်မှန်ပြုလုပ်စစ်ဆေးရန် လိုအပ်သည်။

လုပ်သားပျားများတွင် အစာရှာလုပ်သားပျားများမှ ပျားအုံအတွက် ဝတ်ရည်နှင့် ဝတ်မှုန်ကို ရှာဖွေစုဆောင်းပေးကြသည်။ ပန်းများမှရရှိသော ဝတ်ရည်ကို ခန္ဓာကိုယ်အတွင်းရှိ ဝတ်ရည်သယ်အိတ်တွင် ထည့်၍ အုံသို့သယ်ဆောင်လာသည်။ အုံသို့ရောက်ရှိသောအခါ အုံအတွင်းရှိ သက်ငယ်ပျားကောင်တစ်ကောင်မှ သုံးကောင်အတွင်း လွှဲပြောင်းပေး၍ ဝတ်ရည်အိတ်အတွင်းရှိ အင်ဇိုင်းနှင့် အပူချိန်ကိုအသုံးပြု၍ ပျားရည်အဖြစ်ပြောင်းလဲစေပြီး အုံသို့ရောက်ရှိသောအခါ ဆဲလ်ကွက်

စာ-၅ သို့


မျက်နှာဖုံးပါဝင်သောပျားကာအင်္ကျီ



# တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု၏ မျိုးဗီဇခါတ်ခွဲခန်း လုပ်ငန်းနှင့် မျိုးရေခဲချောင်းထုတ်လုပ်ရေးခါတ်ခွဲခန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇူလိုင် ၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဇူလိုင် ၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ဒီဇင်ဘာ အတွင်း ပုစွန်သားဖောက်လုပ်ငန်းနှင့် အစာစပ်စက်ရုံလုပ်ငန်းများ စတင်လုပ်ငန်း ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီ ပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ အောင်မြင် အောင် စတင်ဆောင်ရွက် ရန်နှင့် နှစ်အလိုက်လျာထားချက်အတိုင်းဆောင်ရွက်သွားရန်ဖြစ် ကြောင်း၊ လျာထားချက်အတိုင်း အောင်မြင်စေရေး လုပ်ငန်းရှင်များအားလုံးတို့က လက်တွေ့ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်း ပြောကြားသည်။

ငင်းနောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိပုစွန်မွေးမြူ ထုတ်လုပ်မှု အခြေအနေနှင့် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်မှု အလားအလာများ ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ရာတွင် မြေယာအသုံးချမှုများကို တည်ဆဲဥပဒေ လုပ်ထုံး လုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတ်မှတ် ကာလအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထုတ်လုပ်မှုလုပ်ငန်းကို တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု ရာနှုန်းအလိုက် တပါတည်း အကောင် အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းရှင်လည်း ကာလ အလိုက် ငွေကြေးအရင်းအနှီးလည်ပတ်မှု ရှိမည်ဖြစ်ပြီး ဒေသအကျိုး လည်း ဖြစ်ထွန်းစေမည်ဖြစ်၍ စနစ်တကျကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထိုမှတဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့ သစ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာန စု(ပေါင်းငူ)သို့ သွားရောက်၍ မျိုးဗီဇ ဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှု များနှင့် မျိုးရေခဲချောင်းထုတ်လုပ်ရေးဓါတ်ခွဲခန်းလုပ်ငန်း၊ မျိုးနွားမွေးမြူထား ရှိမှု နှင့် တိရစ္ဆာန်အစာမြက်အမျိုးမျိုးစိုက်ပျိုးထားရှိမှု တို့ကိုကြည့်ရှု စစ်ဆေး ရာ တာဝန်ရှိသူများက မျိုးအုပ်စုအလိုက် မျိုးဗီဇဓာတ်ခွဲစစ်ဆေးခြင်း၊ အသား စား နွားမျိုး ၊ နို့စားနွားမျိုး စသည့်မွေးမြူသူ၏ တောင်းဆိုမှုအပေါ် မူတည်၍ မျိုးရည်ခဲချောင်း ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဓါတ်ခွဲခန်းဆိုင်ရာ သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဒေသနွားမျိုးနှင့် အရည် အသွေးကောင်း နွားမျိုးများ၏ မျိုးရည်ခဲချောင်းများ စုဆောင်းထိန်းသိမ်းရေး၊ သုတေသနမှတ်တမ်းမှတ်ရာများ စနစ်တကျ ထားရှိရေးနှင့် သုတေသနတွေ့ ရှိချက်များကို မျိုးဆက်သစ် ပညာရှင်များထံ လက်ဆင့်ကမ်း မျှဝေအသုံးပြု နိုင်ရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အတွင်း တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာန စု(ပေါင်းငူ) မျိုးဗီဇ ဓာတ်ခွဲခန်းတွင် မွေးမြူရေးနွားကောင်ရေ ၃၀၀ ၏ မျိုးဗီဇ များကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးရေခဲချောင်းထုတ်လုပ်ရေး ဓါတ်ခွဲခန်းလုပ်ငန်းအနေဖြင့် မျိုးရေခဲချောင်း ၁၅၂၀၀၀ ချောင်း ထုတ်လုပ် ဖြန့်ဖြူးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MOALI

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၃၀)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ်နှင့်သုတေသနများ (၆)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

## (စ) ရိတ်သိမ်းချိန်လွန်နည်းပညာ (F. Postharvest Technology)

ဤဘာသာရပ်သည်လည်း စာရေးသူပါမောက္ခချုပ်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ အိန္ဒိယ နိုင်ငံ၏အကူအညီဖြင့် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE - Advanced Centre for Agricultural Research and Education) ဌာနအသစ် အောက်တွင် ဘာသာအသစ် သင်ကြားနေသော ဘာသာရပ်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့်ပညာရေးဗဟိုဌာန အောက်တွင် ရိတ်သိမ်းချိန်လွန်နည်း ပညာဌာနခွဲအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာတွင် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံတကာတွင်တော့ ဤဘာသာရပ်က စိုက်ပျိုးမွေးမြူရေးနှင့်အတူ အရေးပါပြီး သင်ကြားသုတေသနပြုနေသည်မှာ နှစ်ပေါင်းကြာမြင့်လျက်ရှိနေပါပြီ။ သင်ကြားမှုအစီအစဉ်အရ ရေဆင်းတွင်ဘွဲ့လွန်သင်တန်းများ သာ ဖွင့်လှစ်ပြီး သင်ကြားသုတေသနပြုနေ ပါသည်။

### အဓိပ္ပါယ်ဖေါ်ပြချက် (Definition)

ရိတ်သိမ်းချိန်လွန်နည်းပညာ" (Postharvest Technology) ဆိုသည်မှာ စိုက်ပျိုး ပြီးနောက် အထွက်နှုန်း ထိန်းသိမ်းခြင်း၊ အရည်အသွေး မပျက်စီးစေရန် ကာကွယ်ခြင်း၊ ကြာရှည်စွာသိုလှောင်ထားနိုင်ရန်ဆောင်ရွက်ခြင်း၊ သဘာဝကြောင့်ပျက်စီးမှု လျော့နည်း သွားစေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဈေးကွက် ထိရောက်မှု မြင့် တင်ရန်အသုံးပြုခြင်း၊ အထူးသဖြင့် သီးနှံပင်များရိတ်သိမ်းပြီးနောက်ပိုင်း သိပ္ပံနည်းကျ ဆောင်ရွက်ပြုပြင်ခြင်း စသည့် နည်းပညာများကိုဆိုလိုပါသည်။

Postharvest Technology of Crops refers to the scientific methods and processes applied to agricultural products (crops) after they have been harvested, with the primary goal of maintaining their quality, extending their shelf life, ensuring their safety, and reducing losses, all the way until they reach the final consumer.

ဤဘာသာရပ်က စိုက်ကွင်းမှသည် ထမင်းစားစားပွဲပေါ် ရောက်သည့် အစားအစာများအတွက် အလွန်အရေးကြီးသည်၊ အသီးအနှံများကို ပြုပြင်ပေးခြင်း၊ ထုတ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းဝယ်ဖေါက်ကားခြင်းတို့အထိ အရေးပါ ပါသည်။

It's a crucial bridge between the farm and the fork, encompassing all operations from harvesting to processing, packaging, storage, transportation, and marketing.

ရိတ်သိမ်းချိန်လွန်နည်းပညာသည် ဘာသာရပ်ပေါင်းစုံလေ့လာရမည့် ဘာသာရပ် (Multi-disciplinary Subjects/Approaches) ဖြစ်သည့်အတွက်လိုအပ်နေသော အခြားဘာသာ ရပ်များမှာ -

(က) **အပင်ဇီဝကမ္မဗေဒနှင့်ဇီဝဓာတုဗေဒ** (Plant Physiology and Biochemistry) ဇီဝဖြစ်စဉ်နှင့်ဇီဝဓာတုပစ္စည်းများ ပြုပြင်ပြောင်းလဲမှုတို့ကို သီးနှံပင်များရိတ်သိမ်းပြီး နောက်ပိုင်း ဥပမာ - သီးနှံများဓာတ်ငွေ့လဲလှယ်မှု (Respiration)၊ ရင့်မှည့်မှု (Ripening)၊ ကြာရှည်ရင့်ကျက်ပျက်စီးလာမှု (Senescence)၊ ရေဓာတ်ဆုံးရှုံးမှု (Water loss)၊ အင်ဇိုင်း လှုပ်ရှားမှု (Enzyme activity) စသည်တို့ကို လေ့လာသောပညာရပ်များဖြစ်သည်။ (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သီးသန့်ဌာန (Separate Departments) ဟူ၍ မရှိသေးပါ)

(ခ) **အစားအစာသိပ္ပံနှင့်နည်းပညာ** (Food Science and Technology) ဤဘာသာရပ်နှင့်ဌာနအသစ်အနေဖြင့် ၂၀၁၈ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး အစားအစာများကြာရှည်စွာထားနိုင်ရန်ပြုပြင်ခြင်း (Food Preservation)၊ နည်းစနစ် အသစ်များဖြင့် ပြင်ဆင်မွမ်းမံဆောင်ရွက်ခြင်း (Food Processing)၊ အစားအစာ ဘေးကင်း လုံခြုံမှု (Food Safety) နှင့် အရည်အသွေး ထိန်းချုပ်မှု (Quality Control) တို့က ဤဘာသာရပ်နှင့် ဆက်စပ်နေပါသည်။

(ဂ) **စိုက်ပျိုးရေးအင်ဂျင်နီယာ** (Agricultural Engineering) ဤဘာသာရပ်က ဌာန ရှိပြီးဖြစ်သော်လည်း ကြီးထွားဖွံ့ဖြိုးလာမှု မရှိသေးပါ၊ ဤပညာရပ်ရှိ စက်ကိရိယာများဖြင့် ရိတ်သိမ်း (Machine Harvest)၊ အခြောက်ခံ (Drying)၊ သိုလှောင်ခြင်း (Storage)၊ သီးနှံများပြုပြင်မွမ်းမံခြင်း (Crop Processing) စသည်တို့ကို ဆောင်ရွက်နိုင်သည်။

(ဃ) **လယ်ယာသီးနှံ/ဥယျာဉ်ခြံသီးနှံ** (Agronomy/Horticulture) ဤဘာသာရပ်များ၏ သီးနှံအားလုံး ရိတ်သိမ်းပြီးနောက်ပိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အသင့်တော် ဆုံးရိတ်သိမ်းချိန် (Optimal Harvesting Time)၊ မရင့်မှည့်ခင် ဇီဝကမ္မဖြစ်စဉ်များ (Pre-harvest Physiological factors)ကိုနားလည်မှ ရိတ်သိမ်းပြီး သီးနှံများ အရည်အသွေး ကောင်းရရှိရန်၊ ဈေးကောင်းရရန်တို့မှာ အရေးပါသောအချက် (Crucial factors) ဖြစ်ပါသည်။ (ဤဘာသာရပ်ဌာနများလည်းရှိပါသည်)

(c) **အပင်အနုဇီဝဗေဒနှင့်အပင်ရောဂါ** (Plant Microbiology and Pathology) အသီးအနှံများအား ရိတ်သိမ်း၊ ဆွတ်ခူးပြီးနောက်ပိုင်း အနုဇီဝပိုးများ အထူးသဖြင့် ဘက်တီးရီးယား (Bacteria)၊ မှို (Fungus) တို့၏ဖျက်ဆီးမှု (Spoilage) သဘော တရားကိုနားလည်ရပါမည်။ (ဤဘာသာရပ်ဌာနများလည်းရှိပါသည်)

(စ) **ကီဗိလဗေဒ** (Entomology) - ရိတ်သိမ်းပြီးနောက်ပိုင်း အသီး၊ အနှံများ သိုလှောင် ချိန်တွင် ဖျက်ဆီးနိုင်သောပိုးမွှား (Stored-product insect pests) အကြောင်းကိုလည်း လေ့လာရန်လိုပါသည်။ (ဤဘာသာရပ်ဌာနလည်းရှိပါသည်)

(ဆ) **ထုတ်ပိုးပစ္စည်းသိပ္ပံပညာ** (Packaging Science) ဤဘာသာရပ်ဌာနကတော့ အသစ်ဖြစ်ပြီး မြန်မာနိုင်ငံ တက္ကသိုလ်အားလုံးတွင်လည်း သင်ကြား၊ သုတေသန မပြုနိုင်သေးသော ပညာရပ်ဖြစ်ပါသည်။

(ဇ) **စီးပွားရေးနှင့်ဈေးကွက်ပညာ** (Economics and Marketing) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် အရေးပါသော ပညာရပ်ဖြစ်ပါသည်။ ဈေးကွက်ကောင်းကောင်းရရန် (Understanding market demand)၊ တန်ဖိုးမြင့်ခြင်းပညာ (Value addition)၊ အမြင်လှ၍ ဝယ်ယူချင်လာဖို့ ဆွဲဆောင်နိုင်ရန် (Good attraction)၊ ဝယ်ယူသူ (Customers) နှင့်တိုက်ရိုက် ချိတ်ဆက်နိုင်ရန် ဤပညာရပ်က အရေးကြီးပါသည်။ (ဤဘာသာရပ်ဌာနလည်းရှိပါသည်)

(ဈ) ဇီဝနည်းပညာ (Biotechnology) ဤဘာသာရပ်၊ ဌာနကလည်း ၂၀၁၈ ခုနှစ်မှ ပေါ်ထွက်လာသော ဘာသာရပ်၊ ဌာနအသစ်ဖြစ်ပြီး ဗီဇပြောင်းလဲမှု (Genetic Modification)၊ မော်လီကျူးဇီဝဗေဒပညာ (Molecular Biology) များဖြင့် ရိတ်သိမ်းချိန်လွန်ပျက်စီးမှုဒဏ်ခံနိုင်အောင် နိုင်ငံတကာတွင် ဆောင်ရွက်နေပါသည်။

(ည) **ထောက်ပံ့ပို့ဆောင်ရေးနှင့်ကွင်းဆက်စီမံခန့်ခွဲမှု** (Logistics and Supply Chain Management)အကျိုးရှိ၊ ထိရောက်သော သယ်ယူပို့ဆောင်ရေး (Efficient Transportation)အောက်ခြေဈေးကွက်အထိဖြန့်ဖြူးပေးခြင်း(Distribution)၊အအေးခန်း ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်း (Cold Chain Management) စသည့်ပညာရပ်များသည် ရိတ်သိမ်းပြီးနောက်ပိုင်း အသီး၊ အနှံများအတွက် အလွန်အရေးပါသော ပညာရပ်များ ဖြစ်သည်။

(ဋ) **အာရုံခံမှုနှင့်ပတ်သက်သော သိပ္ပံပညာ** (Sensory Science) အရည်အသွေး ကောင်းထုတ်လုပ်သော အသီး၊အနှံ (အစားအစာ)များအတွက် အရသာ (Taste)၊ ထိတွေ့ ခံစားမှု (Texture)၊ အနံ့ (Aroma)၊ ပုံပန်းသဏ္ဍာန် (Appearance) စသည်တို့သည် ဈေး ကောင်းရရန်ဆွဲဆောင်မှုရှိသည့် အချက်အလက်များဖြစ်၍ စနစ်တကျ ဘာသာရပ်တစ်ခု အနေနှင့် လေ့လာသင့်ပါသည်။

### ရိတ်သိမ်းချိန်လွန်နည်းပညာ သင်ကြား၊ သုတေသနပြုနေသော ကမ္ဘာ့နိုင်ငံကျော် တက္ကသိုလ်များ

**(က) ကာလီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ်၊ အမေရိကန်နိုင်ငံ (University of California Davis, US)**

လက်ရှိဆောင်ရွက်နေသောသုတေသနအစီအစဉ်များမှာ- ဥယျာဉ်ခြံ သီးနှံများ၏ ရိတ်သိမ်းချိန်လွန်ဇီဝဗေဒနှင့်နည်းပညာ (Postharvest Biology and Technology of Horticultural Crops)၊ သစ်သီးဝလံ၊

စာ-၁၁ သို့

စာ-၁၀ မှ

### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (ACARE)မှ ဘွဲ့လွန် သင်တန်းများတွင် သင်ကြားသောဘာသာရပ်များ

| စဉ် | ဘာသာရပ် အမည် | စာသင်နှစ် |
|---|---|---|
| ၁ | အခြေခံစားသောက်ကုန်ဆိုင်ရာ အင်ဂျင်နီယာပညာ | ၁ |
| ၂ | စားသောက်ကုန်အင်ဂျင်နီယာပညာဆိုင်ရာပစ္စည်းကိရိယာများ | ၁ |
| ၃ | စက်၏အစိတ်အပိုင်းများ အလုပ်လုပ်ပုံစနစ်နှင့်ဆိုင်သော သုတေသန | ၁ |
| ၄ | စားသောက်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းဥပဒေများ | ၂ |
| ၅ | စားသောက်ကုန်ဇီဝဓာတုဗေဒနှင့် အဏုဇီဝပညာ | ၂ |
| ၆ | စားသောက်ကုန်ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ ဓာတ်ခွဲခန်းနည်းပညာများ | ၂ |
| ၇ | နှစ်ရှည်သီးနှံနှင့် ဟင်းခပ်အမွှေးအကြိုင် ထုတ်လုပ်ခြင်းလုပ်ငန်းများ | ၁ |
| ၈ | မုန့်၊ ချိုချဉ်နှင့် ကိတ်မုန့်ထုတ်လုပ်ခြင်း နည်းပညာ | ၂ |
| ၉ | စားသောက်ကုန်ချောထုတ်လုပ်ခြင်း အသုံးအဆောင်များဒီဇိုင်း | ၂ |
| ၁၀ | စားသောက်ကုန်အရည်အသွေး စစ်ဆေးမှုစနစ်နှင့် စီမံခန့်ခွဲမှုနည်းပညာ | ၂ |
| ၁၁ | စားသောက်ကုန် ထုတ်ပိုးခြင်းနည်းပညာ | ၁ |
| ၁၂ | ဥယျာဉ်ခြံသီးနှံများ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနည်းပညာ | ၁ |
| ၁၃ | သိုလှောင်ခြင်းအင်ဂျင်နီယာ အတတ်ပညာ | ၂ |
| ၁၄ | နှံစားသီးနှံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ကြိတ်ခွဲခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ | ၂ |

*စာသင်နှစ် ၁ (ပထမနှစ်ဝက်)၊ ၂ (ဒုတိယနှစ်ဝက်)

ဟင်းသီးဟင်းရွက်များ၏ အရည်အသွေး၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်ရေးစနစ်ကောင်းများ (Fruit and vegetable Quality, Storage and Transportation)၊ အအေးစနစ် သိုလှောင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး စနစ်ကောင်းများ (Cold Chain Logistics and Food Safety) စသည်တို့ကို လေ့လာသုတေသနပြုနေပါသည်။ လယ်ယာ သီးနှံ/ဥယျာဉ်ခြံသီးနှံများ၏ ဘွဲ့ကြို၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့ (Bachelor, Master, PhD Programs in Agronomy/Horticulture) အစီအစဉ်များအောက်မှ ဤရိတ်သိမ်းချိန်လွန် နည်းပညာအထူးပြု ပညာရှင်များစွာ မွေးထုတ်နေပါသည်။

**(ခ) ဗာဂန်နီဂန်တက္ကသိုလ်နှင့်သုတေသနဌာန၊ နယ်သာလန်နိုင်ငံ (WUR - Wageningen University and Research, The Netherlands)**

လက်ရှိဆောင်ရွက်နေသောသုတေသနအစီအစဉ်များမှာ - ရိတ်သိမ်းချိန်လွန်ဇီဝကမ္မဗေဒ (Postharvest Physiology)၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာသယ်ယူပို့ဆောင်ရေးနှင့် ထုတ်ပိုး ခြင်းဆိုင်ရာ သိပ္ပံပညာ (Agricultural Logistics and packaging Science)၊ရေရှည်တည် တံ့ခိုင်မြဲသောတန်ဖိုးမြင့်ထုတ်ကုန်ပြောင်းလဲမှုနှင့် အစားအစာများ လေလွင့်မှု လျော့နည်း ရေး (Sustainable Value Chain and Food Waste Reduction) စသည်တို့ကို လေ့လာ သုတေသန ပြုနေပါသည်။ မဟာသိပ္ပံ - အစားအစာနည်းပညာ (MSc in Food Technology – Postharvest specialization) အထူးပြုဘွဲ့မှရိတ်သိမ်း ချိန်လွန်သီးနှံ များ သုတေသနပြုလုပ်ပါသည်။ မဟာသိပ္ပံ - အပင်သိပ္ပံ (MSc – Plant Science) နှင့် ပါရဂူဘွဲ့ - အသီးအနှံများ အရည်အသွေးကောင်းရစေမှု (PhD – Postharvest Quality) အစီအစဉ်များအောက်မှ ရိတ်သိမ်းချိန်လွန်နည်းပညာ အထူးပြုပညာရှင်များစွာ မွေးထုတ်နေပါသည်။

**(ဂ) ဖိလစ်ပိုင်တက္ကသိုလ်၊ လော့ဘားညို့စ်၊ ဖိလစ်ပိုင်နိုင်ငံ (UPLB - University of Philippines, Los Banos, Philippines)**

လက်ရှိဆောင်ရွက်နေသောသုတေသနအစီအစဉ်များမှာ - အပူပိုင်းဒေသ သီးနှံများရိတ်သိမ်းချိန်လွန်နည်းပညာ (Postharvest Technology of Tropical Crops)၊ သိုလှောင် ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲပြုပြင်ခြင်းနှင့် ထုတ်ပိုးခြင်းဆိုင်ရာ အင်ဂျင်နီယာပညာ (Engineering for Storage, Drying, Processing and packaging) နှင့် တောင်သူအစု အဖွဲ့သင်တန်းပေးခြင်း (Community-based Training) ဆိုင်ရာတို့ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များ (B.Sc., M.Sc., PhD. In Agricultural Engineering specialized in Postharvest Technology) ပေးအပ်ပြီး ရိတ်သိမ်းချိန်လွန်နည်းပညာ အထူးပြုပညာရှင်များ မွေးထုတ်နေပါသည်။

**(ဃ) ရိတ်သိမ်းချိန်လွန်နည်းပညာဌာနခွဲ၊ ဇီဝအရင်းအမြစ်နှင့်နည်းပညာအဆင့်မြင့် ကျောင်း၊ မွန်ဂွတ်ဘုရင်နည်းပညာတက္ကသိုလ်၊ သွန်ဘူရီ၊ ထိုင်းနိုင်ငံ (Division of Postharvest Technology, School of Bioresources and Technology, King Mongkut's University of Technology, Thonburi - KMUTT, Thailand)**

လက်ရှိဆောင်ရွက်နေသောသုတေသနအစီအစဉ်များမှာ - ရိတ်သိမ်းချိန်လွန် ဇီဝဓာတုဗေဒနှင့် မော်လီကျူးဇီဝဗေဒဌာနစိတ် (Post-harvest Biochemistry and Molecular Biology Section) မှ အပူပိုင်းသီးနှံများ၏အသီးပျော့လာမှု (Fruit Softening Mechanisms in Tropical Fruits)၊ အပူပိုင်းသီးနှံများတွင်အနံ့နှင့်အရောင် ပြောင်းလဲ လာမှုကို ခွဲခြမ်းစိတ်ဖြာခြင်း (Analysis of Aroma Volatile and Plant Pigments in some Tropical Fruits)၊

ရိတ်သိမ်းချိန်လွန် အရည်အသွေးနှင့် သိုလှောင်ခြင်းဆိုင်ရာဌာနစိတ် (Postharvest Quality and Storage Systems Section) မှ လတ်ဆတ်သော သစ်သီးဝလံ၊ အသီးအနှံများသိုလှောင်ရာတွင် အရည်အသွေးများ ပြောင်းလဲလာမှု (Precooling techniques for fresh produces)၊ ပျက်စီးလွယ်သောသီးနှံများအတွက် သိုလှောင် နည်းအမျိုးမျိုး (Storage Techniques of Perishible Crops) စသည့် သုတေသနများစွာ ပြုလုပ်နေပါသည်။

ရိတ်သိမ်းချိန်လွန်ရောဂါဗေဒဌာနစိတ် (Postharvest Pathology Section) မှ သစ်သီး ဝလံနှင့်ဟင်းသီးဟင်းရွက်များ ရိတ်သိမ်းပြီးနောက်ပိုင်း ကျရောက်သောရောဂါ များကိုလေ့လာခြင်း ဥပမာ - အသီးပုတ်ခြင်း စသည်တို့ဖြစ်ပါသည်။ဤတက္ကသိုလ်မှ မဟာ သိပ္ပံ၊ ပါရဂူဘွဲ့ - ရိတ်သိမ်းချိန်လွန် နည်းပညာအထူးပြု (MSc and PhD Programs in Postharvest Technology) သင်တန်းများကို အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံ များမှ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ဆုပေးကာ သင်ကြားသုတေသန ပြုလျက်ရှိ နေပါသည်။

**စာရေးသူ၏အတွေးပုံရိပ် -**

(က) အိမ်နီးချင်းနိုင်ငံများတွင် ရိတ်သိမ်းချိန်လွန်နည်းပညာ အပါအဝင် ဘာသာရပ် အသစ်များစွာ နှစ်စဉ် တီထွင်၊ သင်ကြား၊ သုတေသနပြု၊ မွေးထုတ်လျက်ရှိနေပါသည်။

(ခ) မြန်မာနိုင်ငံရှိ စိုက်ပျိုး၊ မွေးမြူ၊ သစ်တောဆိုင်ရာတက္ကသိုလ်များအနေဖြင့် ဘာသာ ရပ်ချင်းနီးစပ်နေသော အခြေခံသိပ္ပံဘာသာရပ်များ အပါအဝင် ဥပမာ - အပင်ဇီဝဓာတု ဗေဒ၊ စာရင်းအင်းပညာ၊ မိုးလေဝသပညာ စသည်တို့ကို သီးသန့်ဌာနများဖွဲ့စည်းတည်ထောင်ပြီး တွဲဖက်၊ သုတေသနပြု၊ သင်ကြားလုပ်ဆောင်သင့်ပါကြောင်း အကြံပြုတင်ပြ လိုက်ရပါသည်၊

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်

စာ-၁၃ မှ

### ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံဈေးနှုန်းနေဖြင့် ငါန်းဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ ဂျုံများ အရည်အသွေးပေါ်မူတည်ပြီး ၂၃၀၀၀၀ ကျပ်မှ ၂၄၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်အေးပြီး အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။ ရှမ်းဂျုံများမှာ ၂၁၅၀၀၀ကျပ်၊ အထွက်တိုးဂျုံ ၂၀၅၀၀၀ကျပ်၊ ပန်ဆိုင်းဂျုံမှာ ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ဩစတေးလျဂျုံမှုန့်မှာ လုပ်ငန်းသမားအဝယ်ပုံမှန် အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

အစေ့ထုတ်ပြောင်း မိုးစိုက်မဝင်သေးခြင်း၊ ဆောင်းလက်ကျန်နည်းခြင်း၊ တိုက်ရိုက် စိုက်ပျိုးရာဒေသသို့ ဆင်း၍ ဝယ်ယူမှုများရှိခြင်းကြောင့် ဈေးကွက်အတွင်း အဝင်နည်းပြီး တိရစ္ဆာန်အစာသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၉၁၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ခင်မေကြည်

## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း ဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧယာဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှင့် အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်း နှင့်အောက်စတစ်အိတ်လျှင် ၆၃၀၀၀ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ဧည့်မထဆန်ကြမ်း ၂၅ ရာခိုင်နှုန်း နှင့် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၈၀၀၀ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၅၇၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်လ၏ ဈေးနှုန်းများအတိုင်းပင် ဈေးငြိမ်လျက် အရောင်းအဝယ် အေးကြောင်းသိရသည်။ ဆန်ဟောင်းလက်ကျန်များနည်းလာ ချိန်ဖြစ်သော်လည်း ဆန်ဈေးတည် ငြိမ်ကာ အရောင်းအဝယ်အေးနေခြင်းကြောင့် လှောင်လက်များမှ ရောင်းလိုအားများလာခြင်း၊ စားသုံးသူများမှ လိုအပ်သလောက်သာ ဝယ်ယူမှုရှိခြင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းတို့မှလည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ပြည်ပပို့ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်းနှင့် ရောင်းလိုအားများနေခြင်း စသည့် အခြေအနေများကြောင့် ပြည်တွင်း သုံးစွဲသော ဆန်ချော၊ ဆန်ကြမ်းများအပါအဝင် ပြည်ပပို့ဆန်ဈေးနှုန်းများလည်း တည်ငြိမ် လျက်ရှိခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင် တရုတ်၊ မဒါဂက်စကာ၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန် စသော နိုင်ငံများအပါအဝင် နိုင်ငံပေါင်း(၂၀)ကျော်သို့ မြန်မာ့ဆန်များ ပုံမှန်တင်ပို့မှုရှိခဲ့ ကြောင်း သိရသည်။ ပြင်ပရှိလက်လီဈေးကွက်များတွင်လည်း အရည်အသွေးပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသော ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန် ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်း




၁၁-၇-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

မြ၊ ကျိုက်လတ်၊လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့်အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်ပို့ နိုင်သော ကာလဖြစ်သော်လည်း ကမ္ဘာတွင် ပြောင်းလဲလျက်ရှိသည့် အခြေအနေများအရ ကမ္ဘာ့ရွှေဈေးနှင့် နိုင်ငံခြားငွေလဲနှုန်း အပြောင်းအလဲများကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံ၏ ပြောင်းဈေးပေးခြင်းနှင့် ပြောင်းဈေးဆွဲချ၍ ဈေးကစားမှုများရှိခြင်းကြောင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ အကောက်ခွန်နှုန်းသစ်များအရ အခြားနိုင်ငံများနှင့်ကုန်သွယ်မှု သဘောတူညီချက် အပြောင်းအလဲများရှိလာခြင်းကြောင့်လည်းကောင်း၊ ပြည်ပဝယ်လက်များမှ အခြေအနေစောင့်ကြည့်မှုများရှိကာ အရောင်းအဝယ်အေးနေခြင်း ကြောင့်လည်း ကောင်း၊အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက် ဈေးနိမ့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင် အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၉၃၉၆၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ ငရုတ်ခြောက်ရှည်များ၊ အအေးခန်းလှောင်စများ ကုန်အဝင် ပုံမှန်ရှိခြင်းနှင့်ပုံမှန်ဝယ်ယူစားသုံးမှုရှိခြင်းကြောင့်လည်းကောင်း ငရုတ်ခြောက်(လတ်)မှာ မြစ်ဝမိုးထောင် တစ်မျိုးတည်းသာ ဈေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ ကုန်အဝင်နည်းခြင်းနှင့် ဝယ်လိုအားနည်းခြင်း ကြောင့် လည်းကောင်း၊ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပု)နှင့် မြစ်ဝ (ပု)နှစ်မျိုးသာ ကုန်အဝင်ရှိသော်လည်း ဈေးကွက်သို့ ကုန်အဝင်အလွန်နည်းခြင်း၊ စားသုံးသူများမှလည်း လိုအပ်သလောက်သာဝယ်ယူမှုရှိခြင်း၊ ဝယ်လိုအားအလွန်နည်းခြင်းတို့ကြောင့် ရောင်းလိုအား၊ ဝယ်လိုအားမျှကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိ သည်။ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ၇၇၅၀-၉၅၀၀-၁၅၅၀၀ ကျပ်ဖြစ် သည်။ ကြက်သွန်နီ (ထူး၊လတ်၊သေး)မှာ မိုးရွာသွန်းမှုများကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းပါးသော် လည်း အရည်အသွေးအနိမ့်စများခြင်း၊ ပြည်ပတင်ပို့မှုနည်းခြင်းနှင့် ပြည်ပပေါက်ဈေးမှာလည်း နိမ့်လာ ခြင်းကြောင့်လည်းကောင်း၊ ရောင်းလိုအားများခြင်းကြောင့်လည်းကောင်း ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း မှာ ၁၄၂၅-၁၃၅၀-၉၂၅ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၀၀-၁၂၅၀-၈၀၀ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ မြင်းခြံ၊မုံရွာ၊ မြစ်သား၊ ဆိတ်ဖြူ၊ မိတ္ထီလာဒေသ များမှ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ယခုလတ်တလောကာလသည် ရှမ်းကြက်သွန်ဖြူ၊ဗမာကြက်သွန်ဖြူနှင့် တရုတ်ကြက်သွန်ဖြူ များဈေးကွက်သို့ဝင်ရောက်လာချိန်ဖြစ်သည်။ရှမ်းကြက်သွန်ဖြူ(အောင်ပန်းကြက်သွန်ဖြူ)များ ဈေးကွက်သို့ ကုန်အဝင်ပိုလာချိန်ဖြစ်ခြင်း၊စားသုံးသူများမှ ပိုမိုဝယ်ယူမှုရှိခြင်းကြောင့် ရှမ်းကြက်သွန်ဖြူဈေးနှုန်းများ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၅၄၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ကြူကုတ်)မှာ တင်သွင်းဈေးမြင့်လာချိန်ဖြစ်ခြင်း၊ အဟောင်းစနှင့် အသစ်စများ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းလာခြင်းနှင့် ကုန်အဝင်နည်း ခြင်းတို့ကြောင့် ကြူကုတ်ကြက်သွန်ဖြူများမှာ ယခင်အပတ်ထက် သိသာစွာဈေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူကြူကုတ်တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၈၄၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၁၀၂၅၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အာလူးဈေးနှုန်းများမှာ ရှမ်းအာလူး နှင့် တရုတ်အာလူးများ ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်း၊ ကျောင်းဖွင့်ချိန်ဖြစ်၍ အိမ်ရှင်မများမှ ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် သိသာစွာဈေးမြင့်လာခဲ့သည်။ အာလူး (အက်စ်ဝမ်း၊ အိုကေ၊ အေဝမ်း)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၀၀၀-၃၀၀၀-၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ၃၆၀၀-၃၆၀၀-၃၆၀၀ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။တရုတ်အာလူး တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၄၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေး နှုန်းမှာ ၄၀၀၀ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၆ ရက်မှ ၁၃ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန် အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၀၃၀ ကျပ်ဖြစ်သည်။ ယခင် အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဆီတစ်ပိဿာလျှင် ၃၀ ကျပ် နှုန်း ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့ ၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းရောင်းချပေး လျက်ရှိသည်။ အမေရိကန်၏ နောက်ဆုံးထုတ်ပြန်ထား သည့် အကောက်အခွန်နှုန်းထားများအရ အမေရိကန်သို့ တင်ပို့သည့် အင်ဒိုနီးရှားစားအုန်းဆီသည် အကောက်ခွန် ၃၂ ရာခိုင်နှုန်း စည်းကြပ်ခံရမည်ဖြစ်ပြီး မလေးရှားစားအုန်းဆီသည် အကောက်ခွန်၂၅ရာခိုင်နှုန်းစည်းကြပ်ခံရမည်ဖြစ်သည်။ သို့ဖြစ်ရာ အကောက်ခွန်နှုန်းထား သက်သာသည့်နိုင်ငံများက အမေရိကန်သို့ ဟင်းသီး ဟင်းရွက်ဆီ တင်ပို့မှုမြင့်တက်လာနိုင်ပြီး အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ စားအုန်းဆီတင်ပို့မှု လျော့ကျလာနိုင်ဖွယ် ရှိကြောင်း သိရသည်။

**အေးသန္တာဝင်း**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၇-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

မန္တလေးဈေးကွက်တွင် မိုးစပါးစိုက်ချိန်ဖြစ်၍ လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ မြို့တွင်းသုံးနှင့် မန္တလေးဝန်းကျင်မှ ဝယ်ယူမှုရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၁၃၀၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၄၀၀၀၀ ကျပ်မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ မနောသုခဆန်မှာ နွေစပါးအသစ်ဝင်ရောက်မှုရှိခြင်း၊ အဝင်ပုံမှန်ရှိခြင်း၊ အသစ်အား နှစ်သက်မှုနည်းပါး၍ အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်ဆန်မှာ နွေစပါးဝင်ရောက်မှုရှိပြီး အဝင်ပုံမှန်ရှိခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ၆၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်မှာ နွေစပါးအဝင်နည်းသေးခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ပင်ရင်းဈေးနိမ့်ခြင်း၊ နယ်ပေးတင်ပို့ရမှု နည်းခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ဧရာမင်းဆန်မှာ အရည်အသွေးပေါ်မူတည်၍ တစ်အိတ် ၁၂၀၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်ထိ ရောင်းဝယ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ (လုံးဆံ) ဈေးနှုန်းမှာ လုပ်ငန်းသမား အဝယ်နည်းသော်လည်း လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် အရည်အသွေး ပေါ်မူတည်၍ ၁၀၀ ပိဿာ အညံ့ဆုံး ၉၁၀၀၀၀ ကျပ်မှ အကောင်းဆုံး ၉၃၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ မြေပဲ (ဆီဆံ)မှာ ဆီစက်သမားအဝယ်ပုံမှန်၊ အဝင်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ပိဿာ အညံ့ဆုံး ၈၅၀၀၀၀ မှ အကောင်းဆုံး ၈၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းဖြူ (ရိုးရိုး)မှာ နွေနှမ်းအသစ်များ ဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်၊ ဂျပန်နှမ်းဖြူမှာ လက်ကျန်နည်း အသစ်မဝင်သေးခြင်းကြောင့် တစ်အိတ် ၃၈၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ နှမ်းညိုမှာ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်း၊ မကွေးဘက်မှ ရေလွှတ်နှမ်းများ အသစ်အဝင်ရှိခြင်း ကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၃၁၀၀၀၀ ကျပ်မှ ယခုအပတ် ၂၉၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက် (စမုံ)မှာ အသစ်အဝင်နည်းသေးခြင်း၊ တရုတ်ဝယ်လက် အနည်းငယ်ရှိခြင်းကြောင့် ယခင်အပတ် အရည်အသွေး အကောင်းဆုံး ၈၁၅၀၀၀ ကျပ်မှ ၈၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပန်းနှမ်းမှာ အဝင်နည်း၊ ပစ္စည်းရှားခြင်း၊ ဆီစက်နှင့် ဘယဆေးသမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ၄၅ ပိဿာ ၂၉၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာ ဈေးနှုန်းမှာ မိုးနေကြာဝင်ချိန်နီးခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်း ကြောင့် ၂၇ပိဿာ ၂၀၀၀၀၀ ကျပ်မှ ၁၉၅၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်ရှည်မှာ သာစည်၊ တပ်ကုန်းမှ ဝင်ရောက်ပြီး တစ်ပိဿာ ၈၀၀၀ မှ ၉၀၀၀ ကျပ်၊ ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီတိုင်းမှ ဝင်ရောက်ပြီး တစ်ပိဿာ ၁၂၀၀၀ မှ ၁၅၀၀၀ ဈေးရှိသည်။ ကြက်သွန်နီ ဈေးနှုန်းအနေဖြင့် မုံရွာ၊ မြင်းမူ၊ နွားထိုးကြီး၊ တောင်သာ စသော နယ်စုံ ကြက်သွန်များ ဝင်ရောက်မှုများသော်လည်း မြို့တွင်းသုံးနှင့် မန္တလေးအနီး ဝန်းကျင်မှ ဝယ်ယူမှုရှိခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ကြက်သွန်နီကြီးတစ်ပိဿာ ၁၁၀၀ ကျပ်မှ ၁၄၀၀ ကျပ်၊ လတ်တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ်၊ သေးတစ်ပိဿာ ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်သို့ ဈေးမ သိမသာမြင့် သွားသည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ အဝင်များခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အညံ့ဆုံးတစ်ပိဿာ ၄၀၀၀ ကျပ်မှ အကောင်းဆုံး ၇၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ (မြန်မာ) ပစ္စည်းမရှိသလောက်ရှားနေပြီး ကြက်သွန်ဖြူ (တရုတ်)မှာ လမ်းပမ်းဆက်သွယ်ရေးအရ အဝင်နည်း ခြင်းကြောင့် ဈေးတည်ငြိမ်မှု မရှိပါ။ အာလူးဈေးနှုန်းမှာ တရုတ်အာလူးနှင့် အခြားသောအာလူးများ အဝင်မရှိဘဲ အောင်ပန်းအာလူးတစ် မျိုးတည်း သာဝင်ရောက်မှုရှိပြီး အိုကေတစ်ပိဿာ ၃၈၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၃၆၀၀ ကျပ်ဖြင့် မြို့တွင်း စားသုံးရန် ဝယ်ယူမှုသာရှိသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းအနေဖြင့် ကျောက်ရစ်ဖက်မှ အဝင်ပုံမှန်ရှိခြင်း၊ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း(အညာ)မှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးပဲမဝင်သေးခြင်း၊ ပဲအရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည်အသွေး အညံ့ဆုံး ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အရည်အသွေးအကောင်းဆုံးမှာ ၃၆၀၀၀၀ ကျပ်မှ ၃၉၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ရန်ကုန်ဝယ်လက်နည်းသော်လည်း အထွက်နည်း၊ အဝင်နည်းခဲ့ခြင်း၊ စက်သမား လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ပဲစဉ်းငုံ(နီ) ၂၆၂၀၀၀ ကျပ်မှ ၂၆၆၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ အရောင်းအဝယ်အေးခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးပဲမဝင်သေးခြင်းကြောင့် လုပ်ငန်းသမား၊ ဆီစက်သမားအဝယ်နည်း၍ အရောင်းအဝယ်အေးသော်လည်း ပဲပုတ်(မြန်မာ) ၃တင်းတစ်အိတ် ၄၁၅၀၀၀ ကျပ်၊ ပဲပုတ်(ရှမ်း)မှာ ဆောင်းပဲလက်ကျန်နည်းသော်လည်း ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ကုလားပဲ(လုံးဖြူကြီး)အဝင်ပုံမှန် ပဲခွဲစက်နှင့် လက်လီသမား လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် လုံးဖြူကြီး ၃တင်းတစ်အိတ် ၂၆၃၀၀၀ကျပ်၊ လုံးဝါကြီးတစ်အိတ် ၂၄၃၀၀၀ကျပ် ခွဲခြမ်းတစ်ပိဿာ ၆၃၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာ ပဲယင်းမှာ ပဲခွဲစက်၊ ကြာဇံသမားအဝယ်နည်းခြင်း အရောင်းအဝယ်အေးခြင်းကြောင့် ယခင်အပတ် ၂၃၂၀၀၀ကျပ်မှ ယခုအပတ် ၂၂၅၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ မြေထောက်ပဲမှာ ရုံဖန်ရုံခါ ရန်ကုန်ဝယ်လက်ရှိခြင်း၊ ပဲကြော်/လှော်သမား အဝယ်ရှိခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အရည်အသွေးအကောင်းဆုံးမှာ ၂၈၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ စားတော်ပဲ(ကျွန်း)မှာ ယခုအပတ် စားတော်ပဲ၊ ယူကရိန်းမဝင်သေးခြင်း၊ ကနေဒါဝင်ရောက်သော်လည်း ဈေးမြင့်ခြင်းကြောင့် စားတော်ပဲ(ကျွန်း)ပါ ယခင်အပတ် ၅၁၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး(ကြီး)မှာ အရောင်းအဝယ်အေးသော်လည်း ဆောင်းလက်ကျန်နည်းပြီး၊ မိုးပဲမဝင်သေးခြင်း ကြောင့် ၃တင်းတစ်အိတ် ၃၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(သေး)နှင့် ထောပတ်ပဲ(ကြီး)မှာ ပဲကြော်/လှော်လုပ်ငန်းသမား အဝယ်များခြင်းကြောင့် ပဲကြီး(သေး) ၃တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်မှ ၃၀၅၀၀၀ ကျပ်သို့လည်းကောင်း၊ ထောပတ်ပဲ(ကြီး) ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်မှ ၃၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ငရုတ်စိုဈေးနှုန်းမှာ ယခင်ဝင်နေကျဖြစ်သော မုံရွာ၊ ချောင်းဦးမှ မဝင်သေးခြင်း၊ သာစည်၊ တပ်ကုန်းတို့မှ ဝင်ရောက်ခြင်း၊ အဝင်နည်းခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၇၀၀၀ကျပ်၊ ပြင်ဦးလွင်မှ ငရုတ်စို(လတ်) တစ်ပိဿာ ၈၀၀၀ကျပ်ဈေးဖြင့် ငပိထောင်း၊ လက်ဖက် သမား ပုံမှန်ဝယ်ယူမှုရှိခြင်း၊ ရန်ကုန်ဝယ်လက်မှ ထွက်ရှိရာဒေသသို့ ဆင်း၍ ဝယ်ယူမှုရှိခြင်းကြောင့် ပင်ရင်း ဈေးမြင့်ပြီး ဈေးမြင့်ရခြင်းဖြစ်ပါသည်။ ခရမ်းချဉ် ရှမ်းတောင် အဝင်များခြင်း၊ ဖားကန့်၊ လုံးခင်းသို့ တင်ပို့ရမှု နည်းခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၇၀၀၀၀ကျပ်မှ ၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပြင်ဦးလွင်မှ ဂေါ်ဖီတစ်ထုပ် ၁၀၀၀ ကျပ်၊ ပန်းဂေါ်ဖီတစ်ပွင့် ၁၂၀၀ကျပ်၊ ဂေါ်ရခါးသီး ၁၀လုံး ၅၀၀၀ ကျပ်ဖြင့် စားသောက် ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။ ဖရဲသီးများ အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၀၀၀ မှ ၃၀၀၀ကျပ်၊ သခွားမွှေးများ အဝင်များပြီး တစ်လုံးအရည်အသွေးပေါ်မူတည်၍ ၂၀၀၀ မှ ၇၀၀၀ကျပ်၊ သဘော်သီး ၂လုံး ထုပ်တစ်ထုတ် ၃၀၀၀ကျပ်၊ ထောပတ်သီး ၁၂၀လုံးပါ ပိုက်အိတ်တစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၃၀၀၀၀ကျပ်မှ ၅၀၀၀၀ကျပ်၊ ရမည်းသင်းမှ စပျစ်သီးတစ်ပိဿာ ၈၀၀၀ကျပ်၊ အော်ဂင်လီမွှော် ၁၁ ပိဿာ တစ်ခြင်း ၁၂၅၀၀၀ကျပ်ဖြင့် ပြင်ဦးလွင်၊ ကျိုက်ထို၊ မုံရွာနှင့် အမှာရှိသော မြို့များသို့တင်ပို့သည်။

စာ-၁၁ သို့



ကြေးမုံငယ်

# ဖက်ဖယ်ပင်

## သဘာဝကပေးအစာနှင့်ဆေး

လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်စုခန့် လောကကတည်းက နေထိုင်စားသောက်မှုစတိုင်လ် ပြောင်းလဲလာခဲ့၏။ ဟင်းလျာများကို ချက်ပြုတ်ရာတွင်လည်း သုံးစွဲသည့် ဟင်းခတ်အမွှေးအကြိုင်အပေါ် မူတည်ပြီး အသားကင်၊ ငါးကင်၊ အသုပ်များ ပြင်ဆင်မှုများလည်း တစ်မူထူးခြားလာခဲ့၏။တိုင်းရင်းသားရိုးရာဟင်းလျာ ပြင်ဆင်ချက်ပြုတ်နည်းများလည်း ခေတ်စားလာပြီး ရုပ်သံမီဒီယာများမှ တစ်ဆင့်လည်း ဖော်ထုတ်လာကြသဖြင့် အိမ်တိုင်းတွင် အလွယ်တကူ ချက်ပြုတ်စားသုံးလာခဲ့ကြ၏။ ဖက်ဖယ်ရွက်ကို မြန်မာနိုင်ငံတွင် ကချင်၊ ချင်း၊ ရှမ်း၊ ကယားတိုင်းရင်းသားများက ဟင်းခတ်အမွှေးအကြိုင်အဖြစ် အစိက အသုံးပြုခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာ ကြ၏။

အိမ်တိုင်း၏ စားဖိုဆောင်မှာ မရှိမဖြစ်ဟင်းခတ်အမွှေးအကြိုင်တစ်ခုအဖြစ် လူသိများကြသည့် ဖက်ဖယ်ရွက်ကို ဗီယက်နမ်နံနံပင်၊ ရေငရုတ်ကောင်းပင်ဟုလည်း ခေါ်ဆိုကြ၏။ အင်္ဂလိပ်အမည်မှာ Vietnamese Coriander ဟု ခေါ်ဆိုကြသကဲ့သို့ Water Pepper, Marsh Pepper နှင့် Knot Weed ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Persicaria hydropiper ဟု ခေါ်ဆိုကြသကဲ့သို့ Polygonum hydropiper ဟုလည်း ခေါ်ဆိုကြပြီး ဝက်ကြိမ်ပင်နှင့် မျိုးရင်းတူသည့် Polygonaceae တွင်ပါဝင်၏။

ဖက်ဖယ်ပင်သည် ဩစတြေးလျ၊ နယူးဇီလန်၊ သမပိုင်း အာရှ၊ ဥရောပနှင့် မြောက်အမေရိကတို့တွင် မူလစတင် ဖြစ်ထွန်းတွေ့ရှိကြ၏။ ဖက်ဖယ်ရွက်၏ စူးရှသောအနံ့အရသာကြောင့် ဟင်းလျာများချက်ပြုတ်ပြင်ဆင်ရာတွင် အနံ့အရသာနှင့် ပြည့်စုံလာစေရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြ၏။

ဖက်ဖယ်ပင်သည် စိုစွတ်သောနေရာများနှင့်ရေတိမ်ပိုင်းတွင် ပေါက်ရောက်၏။ ယင်းသည် တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး အပင်အမြင့် တစ်ပေခန့်သာရှိ၏။ အရွက်များမှာ လုံးသွားပုံဖြစ်ပြီး အရွက်ညှာကင်းမဲ့၏။ ပန်းခိုင်မှာ ထိပ်ထွက် အမျိုးအစားဖြစ်ပြီး ပန်းပွင့်ကိုင်းမှာ ၁၅ စင်တီမီတာခန့် ရှိ၏။ ပန်းခိုင်က ကွေးပြီး ထိပ်ဘက်ပိုင်းတွင် ညွတ်ကျ၏။ ပွက်ရွက်အုံတစ်ခုတွင် ပွင့်ရွက် ၅ ခု ပါဝင်၏။ ဝတ်ဆံဖို ၈ ခု ပါဝင်၏။ သုံးထောင့်ပုံ အစေ့အိမ်အတွင်းတွင် အခြေထွက် အစေ့လောင်း တစ်စေ့သာ ပါဝင်၏။ အသီးအမှည့်သည် နီညိုရောင်ဘဲဥပုံ ပြားသောအစေ့ရှိ၏။

သန့်ရှင်းလတ်ဆတ်သော ဖက်ဖယ်ရွက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင်တန်ဖိုး ၂၉၆.၁၈ ကယ်လိုရီပါဝင်ပြီး အစိုဓာတ် ၁၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ ပြာဓာတ် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ပရိုတင်း ၁၇ ဒသမ ၈၆ ရာခိုင်နှုန်း၊ အဆီ ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၈ ဒသမ ၇၃ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၅၁ ဒသမ ၄၆ ရာခိုင်နှုန်း၊ သကြား ၁ ဒသမ ၅၀ ရာခိုင်နှုန်းတို့ပါဝင်၏။ အပင်၏ကြီးထွားမှုအခြေအနေ၊ သက်တမ်းနှင့်အပင်၏အစိတ်အပိုင်း ပေါ်မူတည်၍ အာဟာရတန်ဖိုးများ ကွဲပြားနိုင်၏။ ထို့အပြင် ဖက်ဖယ်ပင်တွင် ဖလေဗာနွိုက်၊ တာပင်နွိုက်၊ ဂလိုင်ကိုဆိုက်၊ စတီးရွိုက်၊ ကရိုတီနွိုက်၊ တာနင်၊ ရနံ့မွှေးအဆီနှင့် ဖီနိုလစ်ဒြပ်ပေါင်းကဲ့သို့သော phytochemicals အမျိုးမျိုးလည်း ပါဝင်၏။

ဖက်ဖယ်ပင်၏ အလားအလာကောင်း ဆေးဖက်ဝင်ဂုဏ်သတ္တိများကြောင့် ရိုးရာတိုင်းရင်းဆေးပညာရပ်များ နှင့် ဟင်းလျာများချက်ပြုတ်ပြင်ဆင်ရာတွင် အသုံးပြုကြ၏။ ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ယင်း၏ဆေးဖက်ဝင်အာနိသင်ကြောင့် လူသိများပြီး ခေါင်းကိုက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ အစာမကြေရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လိပ်ခေါင်းရောဂါနှင့် ဆီးရောဂါတို့အပါအဝင် ဝေဒနာအမျိုးမျိုးကို ကုသရာတွင် အသုံးပြု၏။ လေ့လာမှုများအရ ဖက်ဖယ်ပင်တွင် ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်း ဆန့်ကျင်စွမ်းနှင့် ပိုးမွှားများကို သေစေနိုင်သော ဂုဏ်သတ္တိများရှိသည်ဆို၏။

- ဖက်ဖယ်ပင်တွင် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများပါရှိသော ဖလေဗာနွိုက်ကဲ့သို့သော ဒြပ်ပေါင်းများပါရှိသည့် အတွက် ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်း၊ ဖောရောင်ခြင်း၊ အရေပြားရောင်ရမ်းခြင်းနှင့် ဆက်စပ်ဝေဒနာများကို လျှော့ချရာတွင် အကျိုးပြု၏။
- လေ့လာဆန်းစစ်မှုများအရ ဖက်ဖယ်ပင်တွင် အချို့သော ကူးစက်ရောဂါများကို တိုက်ဖျက်နိုင်စွမ်းရှိပြီး အရေပြား ရောဂါများနှင့် ထိခိုက်ဒဏ်ရာများကို ကုသရာတွင် အသုံးပြု၏။
- သုတေသနပြုချက်အချို့အရ ဖက်ဖယ်ပင်သည် သွေးအတွင်းရှိ ဂလူးကို့စ်ပမာဏကို ကျဆင်းစေနိုင်ခြင်းကြောင့် ဆီးချိုရောဂါကို ဆန့်ကျင်နိုင်စွမ်းရှိသည်ဟု သိရ၏။
- နှလုံးနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းကျန်းမာရေးကို အထောက်အကူပြုနိုင်စွမ်းရှိသည်ဟုလည်း သုတေသနပြုချက်များအရ ဆို၏။
- ဖက်ဖယ်ပင်သည် မျိုးဆက်ပြန့်ပွားခြင်းဆိုင်ရာကိစ္စရပ်များအတွက် အကျိုးသက်ရောက်မှုကောင်းများ ရှိစေနိုင် သည်ဆို၏။
- ဖက်ဖယ်ပင်ကို အယ်လ်ဇိုင်းမားရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ ဗဟိုအာရုံကြောစနစ်ကို လှုံ့ဆော်ပေးသည့်ဆေး အပါအဝင် အခြားသောရောဂါအခြေအနေအမျိုးမျိုးအတွက် အသုံးပြုနိုင်စွမ်းတို့ရှိကြောင်း သုတေသနပြုချက်များအရ ဖော်ပြထား၏။
- ဖက်ဖယ်ပင်ကို လိပ်ခေါင်းနှင့် အခြားသွေးထွက်မှုပုံစံများ အပါအဝင် သွေးထွက်ခြင်းကို ရပ်တန့်ရန် ရှေးယခင်ကတည်းက အသုံးပြုခဲ့၏။



ဖက်ဖယ်ရွက်ကို ကချင်၊ ချင်း၊ ကယား၊ ရှမ်းပြည်နယ်တို့တွင် ပေါက်ရောက်စိုက်ပျိုးလေ့ရှိကြပြီး ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်ရာတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သွင်းအသုံးပြုကြ၏။ ဈေးထဲ သို့မဟုတ် စူပါမားကက်မှ ဝယ်လာသော ဖက်ဖယ်ရွက်အစည်းလေးထဲမှ အရွက်လေးများကို ချက်ပြုတ်ရန် ယူထားပြီး အကိုင်းများကို ရေထည့်ထားသော ပုလင်းထဲထည့်ပြီး ၃ ရက်ခန့်စိမ်ထားလျှင် အမြစ်မွှားလေးများထွက်လာ၏။ နောက်ပိုင်းတွင် ရေစပ်စပ် ရှိသော မြေကြီးပေါ်သို့ ပြောင်းရွှေ့စိုက်ပျိုးလိုက်လျှင် အညွန့်အသစ်များဖြင့် ဝေဆာရှင်သန်နေသည့် ဖက်ဖယ်ပင်လေးဖြစ်လာပြီး စားလိုချိန်တွင် အလွယ်တကူ ခူးဆွတ်လိုက်ရုံပင်။ တစ်ပိုင်တစ်နိုင်ဥယျာဉ်ခြံလေးလည်း ဖြစ်စေပြီး အိမ်စရိတ်ကိုလည်း သက်သာစေ၏။

- ဖက်ဖယ်ရွက်ကို အခြားသော ဟင်းခတ်အမွှေးအကြိုင်များဖြစ်သည့် နံနံပင်၊ ရှမ်းနံနံ၊ ပင်စိမ်း၊ ကြက်သွန်မြိတ်၊ စပါးလင်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူ၊ ချင်းတို့နှင့် ရောစပ်ကြိတ်မွှေပြီး နှစ်သက်ရာ ငါး၊ ပုစွန်၊ ကဏန်း၊ အသားတို့နှင့် ရောနယ်ကာ ပေါင်းခြင်း၊ ကင်ခြင်း စသဖြင့် ပြုလုပ်စားသုံးနိုင်၏။
- ဝါတွင်းကာလ သားသတ်လွတ်စားသုံးသူများအတွက် ခရမ်းသီးမီးဖုတ်၊ ခရမ်းချဉ်သီးမီးဖုတ်တို့အထဲတွင် ဖက်ဖယ် ရွက်ပါးပါးလှီးထည့်ပြီး ကြက်သွန်နီ၊ မြေပဲထောင်း၊ ပဲပုပ်မီးကင်ထောင်းတို့နှင့်အတူ သုပ်ပေးခြင်းဖြင့် အနံ့အရသာ ပြည့်စုံကောင်းမွန်သည့် ဟင်းလျာတစ်မယ် တိုးစေ၏။
- အချို့ကလည်း ဖက်ဖယ်ရွက်ကို ရှမ်းနံနံ၊ ပင်စိမ်း၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူ၊ ဆား၊ ဟင်းခတ်မှုန့်တို့နှင့်အတူ ထောင်း စားတတ်ကြ၏။
- ဆတ်သားခြောက်/ ဆိတ်သား

စာ-၁၅ သို့

ကျောဖုံးမှ-

ရောင်းသူ- တွေ့ရှိနှုန်း အနည်းဆုံးဆိုတာ ကောင်းတာလား။ ဆိုးတာလား ဆရာမ။

ဝယ်သူ- များများပါဝင်တယ်ဆိုရင် အစ်မတို့၊ ကျွန်မတို့ ကျန်းမာရေးအတွက် ဘေးဖြစ်စေတာမို့ နည်း တာကကောင်းတာပေါ့ အစ်မရေ။ အမေရိကန်၊ ဩစတေးလျ၊ ဥရောပ၊ ဂျပန် အစရှိသော ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးတွေက သူတို့နိုင်ငံကိုတင်ပို့လာတဲ့ ငါး၊ ပုစွန်တွေမှာ ပဋိဇီဝဆေး ကြွင်းပါဝင်မှုပမာဏကို သုတေသနစမ်းသပ်ချက်တွေပြုလုပ်ပြီး ထုတ်ပြန်ကြေညာထားကြ တယ်။

ရောင်းသူ- ကျွန်မတို့ နိုင်ငံမှာရော စမ်းသပ်ချက်တွေလုပ်ပြီး မထုတ်ပြန်ဘူးလား။


ဝယ်သူ- နိုင်ငံအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ဆေးသုတေသနဦးစီးဌာနကနေ ရန်ကုန်မြို့ရဲ့ဈေး ၅ ခုမှာ ရောင်းချနေတဲ့ငါးနှင့်ပုစွန်တွေကို ပဋိဇီဝဆေးကြွင်းပါဝင်မှုစမ်းသပ်သုတေသနပြု လုပ်ပြီး အင်္ဂလိပ်ဘာသာနဲ့ စာတမ်းရေးသားထားပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်မှာ ကျောက်ဆည်မြို့၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနကလည်း အသားတိုးကြက်တွေမှာ ပဋိဇီဝဆေးကြွင်းပါဝင်မှုကို စမ်းသပ်ထားတာရှိပါတယ်။ Carbadox, Chloramphenicol, Chlorpromazine, Dimetridazole, Furazolidone, Gentian violet, Ipronidazole, Malachite green, Metronidazole, Nitrofural, Olaquindox, Ronidazole အစရှိတဲ့ ပဋိဇီဝဆေးဝါးများကို အသားအဖြစ်စားသုံးရန်ရည်ရွယ်တဲ့ တိရစ္ဆာန်တွေမှာအသုံးပြုခွင့် မရှိသလို ငါး၊ ပုစွန်၊ အသားတို့မှာ ပဋိဇီဝဆေးကြွင်းပါဝင်မှု မရှိရဘူးလို့ CODEX ရဲ့ ကမ္ဘာ့အစား အသောက်စံနှုန်းမှာလည်း ဖော်ပြထားပါတယ်။

ရောင်းသူ- ဒါဆို ကျွန်မတို့နိုင်ငံမှာစမ်းသပ်ထားတာရှိတယ်ဆိုရင် ဆိုးကျိုးတွေက ဘာတွေဖြစ်နိုင်တာ လဲ ဆရာမ။

ဝယ်သူ- သုတေသနပြုလုပ်ပြီး ပဋိဇီဝဆေးကြွင်းတွေ့ရှိတာက ဆိုးကျိုးဖြစ်စေတာမဟုတ်ဘဲ ပဋိဇီဝ ဆေးကြွင်းပါဝင်နေတဲ့ သား၊ ငါး၊ ပုစွန်တွေကို ရေရှည်စားသုံးမှသာ ဆိုးကျိုးဖြစ်စေတာပါ။ ဘယ်လိုဆိုးကျိုးလဲဆိုရင် ပဋိဇီဝဆေးကြွင်းပါဝင်တဲ့ အစားအသောက်တွေကို စားသုံးခြင်းဖြင့် အစ်မတို့၊ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ဘတ်တီးရီးယားပိုးတွေက ဒီပဋိဇီဝဆေးတွေကို မှတ်မိနေတယ်။ အဲ့ဒီလိုမှတ်မိခြင်းဖြင့် ကျွန်မတို့ဖျားနာချိန် ဆရာဝန်ညွှန်ကြားချက်အတိုင်း ပဋိဇီဝဆေးသောက်လည်း ဆေးမတိုးတော့ဘဲ ဆေးယဉ်ပါးမှုတွေကို ဖြစ်စေနိုင်ပါတယ်။ ဒါဟာကျွန်မတို့သတိမထားမိတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပေါ့။ ဒါကြောင့်မို့ ပဋိဇီဝဆေး ကြွင်းပါဝင်မှုကို များများစစ်ဆေးနိုင်လေ ကောင်းလေမဟုတ်ဘူးလား အစ်မရဲ့။

ရောင်းသူ-အဲ့လိုဆိုရ င် ကျွန်မတို့ရောင်းတဲ့သူတွေက ဘာကူညီပေးလို့ရမလဲ။

ဝယ်သူ- အစ်မတို့ရောင်းတဲ့သူတွေက ဘယ်မွေးမြူရေးခြံကယူရောင်းတာပါ၊ ဘယ်မြို့ကမှာတာပါ ဘယ်နေရာကယူပြီးရောင်းတာပါ ဆိုပြီးသိဖို့ လိုအပ်တာပေါ့။ အစ်မတို့ အဲ့လိုသိထားတာက ကျွန်မတို့စမ်းသပ်ဖို့ ဝယ်ယူတဲ့အခါ အများကြီးအထောက်အကူပြုတာပေါ့။ အခုတော့ အစ်မ ဘယ်မွေးမြူရေးခြံကနေ တစ်ဆင့်ပြန်ရောင်းတာကို မသိဘူး မဟုတ်လား။




ရောင်းသူ- ဟုတ်တယ် ဆရာမ။ ကျွန်မမသိဘူးရယ်။ ဆရာမတို့ လုပ်တဲ့ သုတေသနတွေကို ကျွန်မတို့ သိအောင် ဘယ်လိုလုပ်လို့ရသေးလဲ။

ဝယ်သူ-အစ်မဖုန်းသုံးတယ်ဆိုရင် ကျွန်မတို့ရဲ့ မွေးမြူရေးသုတေသနဦးစီးဌာန ဝက်ဆိုက် https://dlar.moali.gov.mm/ မှာဝင်ကြည့်လို့ရပါတယ်။ မြန်မာလိုရေးသားထားတဲ့ ဆောင်းပါးတွေကို ရှာဖွေဖတ်ရှုလို့ရကြောင်း သတင်းကောင်းပေးပါတယ်။ အစ်မနဲ့ စကားပြောကောင်းနေလို့မဖြစ်သေးဘူး တစ်ခြားဆိုင်ကပုစွန်တွေ ဝယ်ရဦးမှာမို့ သွားလိုက်ဦးမယ်နော်။

ရောင်းသူ- ဟုတ်ကဲ့ပါဆရာမ နောက်လဲ ကျွန်မဆိုင်ကို အားပေးဦးနော်။ ဆရာမ လာဝယ်ရင် ကျွန်မ ဈေးလျှော့ပေးမယ်နော်။

နားလည်မှုရှိသူ ရောင်းသူနှင့် ရှင်းပြပေးသူ ဝယ်သူတို့ကိုကြည့်ရင်း ပဋိဇီဝဆေးကြွင်းနှင့်ပတ်သက်တဲ့ ဗဟုသုတတစ်ခု ရရှိနိုင်ကြပါစေ။

**မေသူ(မွေးသု)**



စာ-၁၄ မှ

ခြောက်/ အမဲသားခြောက်တို့ကို မီးဖုတ်ပြီး ထုနှင်ထားပေးပါ။ ထို့နောက် ပါးပါးလှီးထားသော ကြက်သွန်ဖြူနီ၊ ငရုတ်သီးစိမ်း၊ မထူမပါးလှီးထားသော ဖက်ဖယ်ရွက်ခပ်များများနှင့် အတူ နံနံပင်တို့ထည့်ပါ၊ ငံပြာရည်၊ သံပရာရည်ထည့်၊ ဟင်းခတ်မှုန့် အနည်းငယ်တို့ထည့်ပြီး သမအောင် ရောနယ်ပေးပါ။ သင်းပျံ့မွှေးသော အနံ့နှင့်အတူ လျှာပေါ်တွင် ပူရှိန်းရှိန်း ချဥ်ငံစပ်အရသာလေးနှင့် ဖက်ဖယ်ရွက်အသားခြောက်ဖုတ်သုပ်လေးတစ်ပွဲ ရပါပြီ။ ကြိုက်တတ်လျှင် မြေပဲဆီ/နှမ်းဆီမွှေးလေးဆမ်းပေးပါ။ ထမင်းဖြူပူပူလေးနှင့် တွဲစားနိုင်သလို ရေနွေးကြမ်းပူပူလေးနှင့် လိုက်ဖက်နေမှုကြီးပင်။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဖက်ဖယ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက်ကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာ စေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ အတွက်ဂေဟာစနစ်ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများထွန်းကားရေးတို့ကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း များနှင့်အညီထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

ဝယ်သူ- အစ်မရေ ဒီပုစွန်ကျော့ တစ်ဆယ်ကျပ်သားက ဘယ်ဈေးလဲ။

ရောင်းသူ- တစ်ဆယ်သားကို ၅,၀၀၀ ကျပ်ပါ။

ဝယ်သူ- အစ်မရေ ငါးကျပ်သားလောက် ခွဲရောင်းပေးလို့မရဘူးလား။

ရောင်းသူ- ငါးကျပ်သားထဲ ဘာလုပ်ဖို့လဲ။ တစ်ဆယ်သားအနည်းဆုံးယူပါလား။

ဝယ်သူ- ပုစွန်မျိုးစုံဝယ်ချင်လို့ပါ။ လိုတာကငါးကျပ်သားလောက်ပဲမို့လို့၊ ပုစွန်ကနေပဋိဇီဝဆေးကြွင်း တစ်မျိုးကို စမ်းသပ်ချင်လို့ပါ။

ရောင်းသူ- ဘယ်လိုဆေးမျိုးလဲ ဆရာမ။

ဝယ်သူ- အစ်မတို့၊ ကျွန်မတို့ချက်စားမယ့် ဒီပုစွန်တွေမှာ ပဋိဇီဝဆေးကြွင်းတွေသတ်မှတ်ပမာဏ ထက်များနေပြီလား၊ စားသုံးတဲ့သူတွေကို အန္တရာယ်ဖြစ်စေနိုင်ပြီလားသိရှိနိုင်ဖို့ စမ်းသပ်တာပါ။

ရောင်းသူ- တစ်ကယ်လို့ဆေးတွေ တွေ့တယ်ဆို ကျွန်မတို့ရောင်းတဲ့သူတွေကို ဖမ်းမှာလား ဆရာမ။

ဝယ်သူ- မဖမ်းပါဘူး အစ်မရယ်။ အရမ်းမကြောက်ပါနဲ့။ ပုစွန်တွေမှာ ဆိုးဆေးတွေရှိမရှိ စမ်းသပ်သလိုမျိုးပါပဲ အစ်မရယ်။

ရောင်းသူ- ဆိုးဆေးဟုတ်လား ဆရာမ။ ဆိုးဆေးဆိုရင်တော့ ကျွန်မသိတယ်။ အရောင်ပြာပြာတွေ များနေပြီဆို သေချာတယ်ဆိုးဆေးတွေပါနေပြီ။ တစ်ခါတစ်လေတော့ သိပ်မပါဘူး ဆရာမ။ ကျွန်မ အရောင်ကြည့်ပြီး ခွဲတတ်တယ်။ ဆိုးဆေးကတော့ပါတာပါပဲ။ ကျွန်မတို့ကလဲ တစ်ဆင့် ပြန်ရောင်းရတဲ့သူတွေဆိုတော့ အရောင်လှတာလေးယူရတာပေါ့ ဆရာမရယ်။ ဘယ်လောက် ပါတယ်ဆိုတာတော့ ကျွန်မမသိဘူး။ ဆရာမတို့က ပိုသိတာပေါ့။

ဝယ်သူ- အစ်မပြောတဲ့ အရောင်ဆိုးဆေးတွေကို ပြောတာမဟုတ်ပါဘူး။ အစားအသောက်တွေကို အရောင်ဆိုးတဲ့ ဆိုးဆေးတွေဆိုတာ သပ်သပ်ရှိပါတယ်။ အခုကျွန်မပြောတဲ့ ပဋိဇီဝဆေးကြွင်း ဆိုတာ အစ်မတို့၊ ကျွန်မတို့နာမကျန်းဖြစ်တဲ့အချိန် ဆရာဝန်ညွှန်ကြားလို့ သောက်ရတဲ့ ပိုးသတ် ဆေးလိုမျိုး ငါး၊ ပုစွန်မွေးမြူရေးတွေမှာ အသုံးပြုကြတဲ့ပဋိဇီဝဆေးတွေ ပုစွန်ရဲ့အသားမှာ ဘယ်လောက်ပမာဏကြွင်းကျန်ရှိနေမလဲ တိုင်းတာစမ်းသပ်တာပါ အစ်မရယ်။

ရောင်းသူ- ဆရာမက ဆေးကုမ္ပဏီကလား။

ဝယ်သူ- ကျွန်မက ဆေးကုမ္ပဏီကမဟုတ်ပါဘူး။ မွေးမြူရေးသုတေသန ဦးစီးဌာနကပါ။ နိုင်ငံ့ဝန် ထမ်းတစ်ယောက်ပါ အစ်မရဲ့။

ရောင်းသူ- ဟုတ်လားဆရာမ။ ဆရာမတို့လို စစ်ဆေးပေးတဲ့သူတွေရှိတာ ကျွန်မတို့လိုပြည်သူတွေ အတွက်ကောင်းတာပေါ့။

ဝယ်သူ- ပြည်သူတွေစားသုံးတဲ့ အသား၊ ငါးတွေ အရည်အသွေးမြင့်ကောင်းမွန်နေအောင်၊ စားသုံးတဲ့ ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်အောင် လေ့လာပြီးသုတေသနလုပ်ရမှာ ကျွန်မတို့ဌာနရဲ့ တာဝန်တစ်ခုပါ။

ရောင်းသူ- ကျွန်မစိတ်ဝင်စားလို့ ထပ်မေးဦးမယ်နော်။ ဆရာမပြောတဲ့ ပဋိဇီဝဆေးကြွင်းဆိုတာကို ဘယ်လိုတိုင်းတာမှာလဲ။

ဝယ်သူ- အခု အစ်မဆီက ဝယ်တဲ့ပုစွန်ကို ရေဆေး၊ အခွံခွာပြီးနောက် အသားကိုကြိတ်ချေပြီး Rapid test kit လို့ခေါ်တဲ့ အမြန်စမ်းသပ်ကရိယာနဲ့ စမ်းသပ်မှာပါ။ စမ်းသပ်နည်းကတော့ အမျိုးမျိုးရှိတာပေါ့။ အမြန်စမ်းသပ်ကရိယာကတော့ ပဋိဇီဝဆေးကြွင်းတိုင်းတာမှုကို အမြန် ဆုံးစမ်းသပ်နိုင်ပြီး သူ့ထဲမှာစမ်းသပ်တိုင်းတာဖို့ ဆေးရည်၊ စမ်းသပ်ပစ္စည်းနှင့် စမ်းသပ်ပုံ အဆင့်တွေက တစ်ခါတည်း ပါပြီးသားပါ။

ရောင်းသူ- ဆရာမတိုင်းလို့ အဲ့ဒီပဋိဇီဝဆေးကြွင်းတွေ့တယ်ဆို ဘာဖြစ်မှာလဲ။

ဝယ်သူ- ပဋိဇီဝဆေးကြွင်းရှိတဲ့ပုစွန်တွေကို နိုင်ငံခြားတိုင်းပြည်တွေကို တင်ပို့ရောင်းချခွင့်မရှိဘူး။ အစ်မ နားလည်လွယ်အောင်ပြောပြရလျှင် နိုင်ငံခြားတိုင်းပြည်တွေကို ဈေးမရောင်းရတော့ နိုင်ငံခြားဝင်ငွေမရတော့ဘူးပေါ့။ ကျွန်မလေ့လာမိသလောက် အစ်မကိုပြောပြရရင် ၂၀၁၇ ခုနှစ်က အမေရိကန်နိုင်ငံကိုတင်ပို့ရောင်းချတဲ့ပုစွန်တွေမှာ တားမြစ်တားတဲ့ပဋိဇီဝဆေးကြွင်း ပါလို့ဆိုပြီး မြန်မာကုမ္ပဏီတစ်ခုကို ရောင်းချခွင့် ငြင်းပယ်ဖူးတယ်။ ဒါ့အပြင် ၂၀၀၂ ခုနှစ်က မြန်မာနိုင်ငံကနေ နယ်သာလန်နိုင်ငံနှင့် စပိန်နိုင်ငံကိုတင်ပို့ရောင်းချတဲ့ ရေငံပုစွန်တွေမှာ Chloramphenicol (0.1 mg/kg ppm) တွေ့ရှိမှု၊ ၂၀၀၃ ခုနှစ် အင်္ဂလန်နိုင်ငံကိုတင်ပို့ ရောင်းချတဲ့ ကျောက်ပုစွန်မှာ Nitrofuran (metabolite) nitrofurazone (3.1 µg/kg ppb) ပါဝင်မှုနှင့် ဘယ်ဂျီယံနိုင်ငံကိုတင်ပို့တဲ့ပုစွန်မှာ Chloramphenicol ပါဝင်မှု၊ ၂၀၀၄ ခုနှစ်မှာ လည်း ဘယ်ဂျီယံနိုင်ငံကိုတင်ပို့တဲ့ အခွံခွာပြီးသားအေးခဲပုစွန်တွေမှာ Chloramphenicol (0.1 mg/kg ppm) ပါဝင်မှု၊ ၂၀၀၅ ခုနှစ်မှာ အင်္ဂလန်နိုင်ငံကိုတင်ပို့တဲ့ခေါင်းဖြုတ်ပြီးအေးခဲပုစွန် တွေမှာ Chloramphenicol (0.5 µg/kg ppb) ပါဝင်မှု၊ ၂၀၀၇ ခုနှစ်မှာ အင်္ဂလန်နိုင်ငံကို တင်ပို့တဲ့အေးခဲပုစွန်မှာ Chloramphenicol (1.5 µg/kg ppb) ပါဝင်မှု၊ ၂၀၁၄ ခုနှစ်မှာလည်း အင်္ဂလန်နိုင်ငံကိုတင်ပို့တဲ့အေးခဲပုစွန်ခြောက်တွေမှာ Chloramphenicol (0.32 µg/kg ppb) တွေ့တယ်ဆိုပြီး ဥရောပနိုင်ငံတွေကခြောက်ကြိမ်ငြင်းပယ်ဖူးတယ်လို့ မှတ်တမ်းတွေမှတ်ဆင့် လေ့လာဖူးတယ်။ ဒါတောင် ကျွန်မတို့မြန်မာနိုင်ငံက အိမ်နီးချင်းနိုင်ငံတွေနှင့် နှိုင်းယှဉ်ရင် တားမြစ်ထားတဲ့ပဋိဇီဝဆေးကြွင်းတွေ့ရှိနှုန်း အနည်းဆုံးပဲ အစ်မရေ။

စာ-၁၅ သို့

မေသူ(မွေးသု)

# ရောင်းသူ – ဝယ်သူ စေတနာတူ

# ပဋိဇီဝဆေးကြွင်း တားဆီးရေး တာဝန်ယူ

